127

# ပေါက်ဝဲသုန္ဒရရတုများ

## ခက်ဆစ်အဓိပ္ပါယ်အစုံ



မူပိုင်ရှင်-ဒေါ်မိန်ကြည်

ဆုထူးပန်စာပေ

ဗိုလ်ချုပ်ဈေး-ရန်ကုန်မြို့

ကိုရှိန်–စာပုံနှိပ်တိုက်
အမှတ် (၁၀၇) ၉၄–လမ်း၊ တွင် ရိုက်နှိပ်သည်။

# လက်ဝဲသုန္ဒရ–ရတုများ

ခက်ဆစ် အဓိပ္ပါယ် ပါသည်

LETWE THON DA RA YADU

## ရွှေမြိုင်ပဏ္ဍိတ ဖြေဆိုသည်

★

မူပိုင်ရှင်–ဒေါ်စိန်ကြည်

ဆုထူးပန်း စာပေ

ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

PRICE KS. 1-50 အဖိုး ၁–၅၀

# လက်ဝဲသုန္ဒရ အတ္ထုပ္ပတ္တိ

**လက်ဝဲသုန္ဒရသည်။** ရွှေဘိုမြို့ မြောက်လက် မန်ကျည်းတုံရွာ၊ ဖွားရာဇာတိ၊ ငယ်မည် မောင်မြတ်စံ တွင်သော သူတည်း။ ရတနာပူရ–အဝမြို့၊ လောကသရဘူ ဘုရား ဒါယကာ ဟံသာဝတီပါ မင်းလက်ထက် လွှတ်ရုံး စာရေးစာချီ လုပ်၍ ရေးမှတ် ထမ်းရွက်နေသည်။

**ရတနာသိင်္ဃ မြို့တည်။** အလောင်း မင်း တရားကြီး လက်ထက်၌ အမိန့်တော်ရေး၊ အမှာတော်ရေး အဖြစ် နှင့် အမှုတော် ထမ်း ရွက် ရာ လက်ဝဲသုန္ဒရ ဟူသော ဘွဲ့မည်ကို ရသည်။

**သက္ကရာဇ်** (၁၁၂၂–ခုနှစ်) နန်း တက် တော် မူသော အလောင်း မင်း တရား ကြီး သား တော် ဇေယျာပုရ မြို့ တည် မင်းတရားလက်ထက်၌ လက်ဝဲသုန္ဒရ ဘွဲ့နှင့်ပင် အမိန့်တော်ရေး အမှာတော်ရေး ရာထူးရင်းအတိုင်း အမှုတော်ကို ထမ်းရွက်ရသည်။

**သက္ကရာဇ်** (၁၁၂၅–ခုနှစ်) နန်း တက် တော် မူသော တကိယ–အဝမြို့တည်၊ ဆင်ဖြူရှင်မင်းတရား၏ လက်ထက် ညီတော် အမြင့်မင်းသား အိမ်တော်၌ အကြီးတော် အဖြစ်နှင့် ခစားရာ လူပျိုတော် ငထင်ကျော်၏ အမှုနှင့် ပတ်သက်၍ ရာဇဝတ်သင့်သဖြင့် မဲဇာသစ်တောသို့ အပို့ခံရသည်။ မဲဇာသို့ရောက်၍ များမကြာမီပင် မဲဇာ အရပ်မှ ရတနာသိင်္ဃ ရွှေဘိုမြို့တော် တမ်းတသော **(မဲဇာတောင်ခြေ)** ချီပိုဒ်စုံ ရတု ၃ပုဒ်၊ သားမယားတို့ကို လွမ်းဆွတ်ကြောင်း ဝေရှန်းစန္ဒာ

ချိပ်ဒိစုံရတု ၃–ပိုဒ်တို့ကို ဆက်သွင်းရာ၊ ဘုရင်မင်းမြတ် သနားတော်မူ၍ နေပြည်တော်သို့ ပြန်ခေါ်တော်မူသည်၊

## လက်ဝဲသုန္ဒရစပ်ဆိုခဲ့သော စာများကား။

၁။ အာဒါသမုခပျို့သစ်
၂။ သေနက်ဗျူဟာပျို့
၃။ သောဏပျို့
၄။ သာဓိနပျို့
၅။ စကြာမင်းပျို့
၆။ နန္ဒသေနာပျို့
၇။ ဗျူဟာစက္ကပျို့
၈။ ဝိနိစ္ဆယပကာသနီ ဓမ္မသတ်လင်္ကာ
၉။ အင်းဝရွှေပြည်ကြီးလာ မော်ကွန်း
၁၀။ ရွှေပြည်ဝင်မော်ကွန်း
၁၁။ မဟာဝိဇယရံသီ စည်းခုံတော်မော်ကွန်း
၁၂၊ မင်းကွန်းစေတီတော်တည်မော်ကွန်း
၁၃။ အမရပူရ၊ ပဌမမြို့တည် မင်းတရားကြီး မုဒ္ဒါဘိသိတ်မော်ကွန်း
၁၄။ ဓညဝတီနိုင်မော်ကွန်း
၁၅။ ဓညဝတီသို့ သာသနာပြုစေသည့် မော်ကွန်း
၁၆။ မြမ္မသံယောဂ ဒီပနီသတ်ပုံ

....း၀း....

လက်ဝဲသုန္ဒရ အတ္ထုပ္ပတ္တိအကျဉ်းပြီး၏။

## မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ။ |
|---|---|---|
| ၁။ | ကျေးစေရတု–မောင်ဘွဲ့ | ၈။ |
| ၂။ | ကျေးစေရတု–မောင်ဘွဲ့ | ၁၀။ |
| ၃။ | ကျေးစေရတု–မောင်ဘွဲ့ | ၁၂။ |
| ၄။ | ကျေးစေရတု–မောင်ဘွဲ့ | ၁၄။ |
| ၅။ | သာလိကာစေရတု–မောင်ဘွဲ့ | ၁၆။ |
| ၆။ | မြေတူးရွှေချမ်းသာ ဘုရားတိုင်ရတု မောင်ဘွဲ့ရတု | ၁၈။ |
| ၇။ | သာလိကာစေရတု–မောင် ဘွဲ့ | ၂၀။ |
| ၈။ | ကုန်းဘောင်မြို့ရှိ ဝန်ကတော်ထံပေး ကျေးစေရတု | ၂၃။ |
| ၉။ | ဝန်ကတော်ပြန်၍ပေးသော မောင်ဘွဲ့ မိုးတောရတု | ၂၅။ |
| ၁၀။ | လက်ဝဲသုန္ဒရအမတ်အား မဲဇာတောသို့ ပို့စဉ် ရောက်ခါနီး မဲဇာတောကိုမြင်ရာတွင် ဘွဲ့ဆိုသော ကေပိုဒ်ရတု | ၂၇။ |
| ၁၁။ | မဲဇာသစ်တောမှ ရတနာသိဃ်ရွှေမြို့တော်ကို တမ်းတရတု | ၂၈။ |
| ၁၂။ | မဲဇာတောမှ ရတနာသိဃ်မြို့ရွှေတော်ရှိ ဝန်ကတော်နှင့် သားသမီးတို့အား တမ်းတရတု– | ၃၄။ |
| ၁၃။ | မိုးဘွဲ့ရတု | ၃၈။ |
| ၁၄။ | မယ်ဘွဲ့ရတု | ၄၀။ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ။ |
|---|---|---|
| ၁၅။ | သာလိကာစေရတုမောင်ဘွဲ့ | ၄၁။ |
| ၁၆။ | ကျေးစေရတုမောင်ဘွဲ့ | ၄၃။ |
| ၁၇။ | ကျေးစေရတုမောင်ဘွဲ့ | ၄၅။ |
| ၁၈။ | ကျေးစေရတုမောင်ဘွဲ့ | ၄၇။ |
| ၁၉။ | ကျေးစေရတုမယ်ဘွဲ့ | ၄၉။ |
| ၂၀။ | ဘုန်းတော်ဘွဲ့ရတု | ၅၁။ |
| ၂၁။ | သာလိကာစေရတုမောင်ဘွဲ့ | ၅၄။ |
| ၂၂။ | ကျေးစေရတုမောင်ဘွဲ့ | ၅၅။ |
| ၂၃။ | ဘုန်းတော်ဘွဲ့ရတု | ၅၈။ |
| ၂၄။ | ကျေးစေရတုမောင်ဘွဲ့ | ၆၀။ |
| ၂၅။ | စည်သူရှင်ဘုရားတိုင်မောင်ဘွဲ့ရတု | ၆၂။ |
| ၂၆။ | ကျေးစေရတုမောင်ဘွဲ့ | ၆၅။ |
| ၂၇။ | သားများကိုတမ်းတရတု | ၆၇။ |
| ၂၈။ | စကားကိုးဆူဘုရားတိုင်ရတု | ၆၉။ |
| ၂၉။ | အလောင်းဘုရား၏ ဘုန်းတော်ဘွဲ့ရတု | ၇၁။ |
| ၃၀။ | အလောင်းဘုရား၏ ဘုန်းတော်ဘွဲ့ရတု | ၇၂။ |
| ၃၁။ | အလောင်းမင်းတရားကြီး၏ သကြံန်တော်ခေါ် ရတု။ ... | ၇၄။ |
| ၃၂။ | နာခံတော်ပြေ့ကြီးမှူး လျှောက်သော အလောင်းမင်းတရားကြီး၏ ဘုန်းတော်ဘွဲ့ရတု | ၇၆။ |

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

# ကျေးစေရတုမောင်ဘွဲ့

၁။ **မြွတ်ပန်းဝေဆာ။** ရတနာသို့၊ မယ်သာမြတ်လေး၊ သွန်သင်မွေး၍၊ နှုတ်ရေတက်ပွန် လိမ်မာလွန်သည်၊ ဟောဝန်မြေဝေး၊ ဇာတိကျေး၊ သက်ပေးဆုယူ၊ ချစ် ချင်းတူသည်၊ သူလည်းစစ်ဝယ်၊ မယ်လည်းသည်မှာ၊ သို့စင်ကွာယူ၊ ခွဲစာမဆက်၊ နေ့ရက်စလွန် စေကျွန်မရောက်၊ တခေါက်မလာ။ အောက်မေ့ရှာလိမ့်၊ ဗျာပါဖျောက်ဖြေ။ လျှောက်ပါချေလော့၊ မှိုင်းဝေတိမ်ပြာ၊ ခုသည်ဝါမူ၊ စကြာခြည်ရောင်၊ ထွန်းပပြောင်လျက်၊ ဝါခေါင်ဖြစ်လို၊ ခေါ်သည်ကိုပင်၊ ဝါဆိုနေဟောင်း၊ ဂြိုဟ်မပြောင်းသည်၊ ရွှေမောင်းကိုးချက် နာရီသော်။

၂။ **ပတ်သန်းခွေကာ။** ရှေးသောခါကဗိုလ်ပါဝန်းကျင်၊ မြို့စိုးရင်သော်။ ကောင်းကင်တိမ်မိုး၊ ပျံမည်စိုး၍၊ သံကြိုးရစ်ချည်၊ ဆိုင်းဘူးသည်ဟု၊ မြို့စည်းသံတွဲ၊ ရမ်းဗြဲပြည်ထောင်၊ မာန်အောင်တဆိုင်။ ရခိုင်တသင်း၊ လေးပါးမင်းတို့၊ ဝန်းကျင်ကူညီ၊ ထီးကိုယ်စီနှင့်၊ မထီလေးစား၊ စစ်ပြိုင်များ၍၊ တိုင်းကားပြည်နေ။ သိသိကျေရှင့်၊ ထွန်းဝေစက်ခြည်၊ သို့ဖြစ်သည်ကို၊ ဂျွမ်းပြည်အနီး၊ တမြို့တည်းကာ၊တင့်ရည်းထွက်ပေါ်၊ စစ်ပြိုင်သော်လည်း၊ ဘုန်းတော်လွှင့်ခြွေ၊

ချက်ချင်းပြေလိမ့်၊ မင်းနေပြည်သူ၊ တောင်းဆုယူသည်၊ ရွှေကူထွတ်တင်။ မြတ်ချစ်ရှင်မူ၊ ဥမင်ရွှေကျောင်း၊ လျှံဝါမောင်းသည်။ မွေ့ပေါင်းပြိုးပြက် ဝါနီသောဝ်။

၃။ **နတ်နန်းဝေစွာ။** ထိန်သိန်ဖြာသို့။ အာကာတန်ခိုး ဘုန်းတော်မိုးသည်၊ နန်းရိုးပွင့်လျှာ၊ နောက်တော်ပါသား၊ စကြာဦးတင်၊ ပန်ရွှက်ဆင်၍၊ ဂုဏ်အင်မြောက်ချီး၊ ရှုမညီးအောင်၊ မှူးကြီးမတ်ရာ၊ ဆောင်တန်းဆာနှင့်၊ ချမ်းသာရိပ်ငြိမ်၊ မစိုးရိမ်သည်၊ စည်းစိမ်တင့်တယ်၊ သူ့မွေ့မယ်နှင့်၊ သက်လှယ်ထားတင်၊ သူ့ဘခင်သို့၊ သို့စင်ဆပွါး၊ ကြင်သနားလျက်။ နှစ်ပါးညီနောင်၊ သားတန်ဆောင်တွင်၊ ရွှေတောင်ကျော်သူ၊ မူယူဆန်းကြယ်၊ သားအငယ်ဟု၊ ရှုဘွယ်ဖျောင်ဆင်း၊ ဂုဏ်သတင်းဖြင့်၊ သက်နှင်းထပ်တူ၊ မယ်ဆိုင်သူကို၊ ဆုယူသည်ပို့၊ ရွှေပြည်မြို့က၊ မယ်တို့အိမ်နေ၊ သို့ဖြစ်ပေဟု၊ လျှောက်လေချီသာ၊ စစ်ချီခါက၊ ဩဘာဆင့်သောင်း ၊ဂိန်မှာန်နှောင့်သည်၊ နွှေပြောင်းမိုးသက် ရာသီသောဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

တတ်ပွန်=လိမ္မာသည်။

ဟောဝန်= (ပေါရာဏ) တော၊ (ဆီးနှင်းထူထပ်သော တောနက်။)·· ဟိမဝန္တာတောကိုခေါ်သည်။

မထီလေးစား=မလေးမစား ကြောက်ရွံ့ရိုသေခြင်းမရှိ

သိသိကျေ= ညက်ညက်ကျေ။

ကျွမ်းပြည်= ယိုးဒယားပြည် (ယိုးဒယားကျွမ်း၊ လူမျိုးရှမ်း
ကျွမ်းကိုမထိုးနိုင် ကဝိကဏ္ဍာသတ်ပုံ။)

မွေပေါင်း= ဓာတ်တော်မွေ့တော်အပေါင်း။

အာဏာ= (ပါဠိ)အဆုံးအမ အာဏာစက်အမိန့်။

ဘုန်းတော်မိုး= ဘုန်းတော် လွှမ်းအုပ်ဖုံးသည်။

နန်းရိုးပွင့်လျှာ= အိမ်ရှေ့မင်း။

ဂိမှာန်= (ပါဠိပျက်)နွေဥတု။

## ၂။ ကျေးစေရတု-မောင်ဘွဲ့။

၁။ မျက်လျှံကိုးမြွာ။ ပေါ်ပေါက်လာသို့။ **သော်**တာဝန်းရွှေ့၊ထွက်သည့်နေ့ဝယ်၊ အရှေ့မျက်နှာ၊နေထွက်ရာမှ ရောက်လှာနတ်ပေး၊ မယ်ဘာ မွေးသည့်၊ မြတ်သွေး ညိုရောင်၊ ကျေးတန်ဆောင်၊ သိခေါင်ဝေးစွာ၊စစ်မြေမှာလျှင်၊ **သေနာပတိပြည်ကြီးစွယ်ဘွား။** ရင်ခွင်ဘွားသည်၊ သနားဘွယ်ပင်၊မယ့်ကျေးမျှင်ကို၊ **သံလွင်**နိမိတ်၊ ရှင်လန်းထိပ်ဖြင့်၊ လွမ်းစိတ်ဖျော်ဖြေ၊ လျှောက်ပါချေလော့၊ စာခွေ ယှက်သန်း၊ သလိုက်မြန်းသည်၊ နတ်ပန်း ကြိုင်လွင့်ဝေဆာသောဝ်။

၂။ ထက်ယံမိုးချာ၊ဝတိန်သာ၌၊ သူဇာ ဆီးကြို စစ်ပြိုင်လိုလည်း၊ မြင့်မိုရ်ဝေမို့၊ သာသည့်မြို့က၊ မင်းတို့လက်

ချိန်၊ လွှတ်သည့်စိန်ကို၊ အရှိန်ဘက်ပြိုင်၊ မခံနိုင်သို့ အနိုင်နိုင်ငံ၊ ရိုကျိုးနွံ လိမ်၊ **မည်အုတ်ကျက်**၊ ကြွေးကျော်လျက်လျှင်၊ နေ့ရက်ချိန်ခါ နတ်ဩဘာဖြင့်၊ စကြာနန်းလောင်း၊ ရံသိန်းသောင်းနှင့်၊ ရေကြောင်းသာညီ၊ ရွှေစက်ချီသော်၊ အောင်ပြီစကား၊ ယခုကြားဆင့်၊ ထင့်ပွားဆုယူ၊ မယ်တို့မူလည်း၊ ဆက်လှူအောင်ပန်း ထွက်ကြွင့်နန်းသည်၊ မုခ်နန်း လိုဏ်မြင့် ဖွေချာသော်။

၃။ **ရွက်တံမိုးညွှာ**၊ ရှုဘွယ်သာတည့်၊ မာလာပုံးညက်၊ ရွှေဝင်းခက်ကို၊ ပန်ဘတ်ရှုမျှော်၊ ကြည့်ပါသော်လည်း၊ ပန်ဘော်ရှိပဲ၊ လူနှင့်လွဲခဲ့၊ ပုလဲမျက်ချယ်၊ သက်ချင်း လှယ်မူ၊ ငယ်လည်းငယ်မှု၊ နုလည်းနုပြို၊ ဗိုလ်လည်း ဗိုလ် သစ်၊ သို့ သည်ဖြစ်ကြောင့်၊ စစ်သည်များနှယ်၊ နူးညွှတ် ဘွယ်တည့်၊ နွမ်းနှယ်သမ်းမို့၊ မယ်သို့မရှင်၊ မယ့်သွင်တဟူ၊ ဝယ်သသူလျှင်၊ **သည်းအူရှိုးစိမ့်**၊ ရှိလေလိမ့်ဟု၊ အေးညိမ့်စရာ၊ စိတ်တွေးရှာလျက်၊ ရံခါဖြေဆည်၊ ရပ်မတည်၍၊ လှည့်လည်စံခန်း၊ ခွေကာမြန်းသည်၊ သုတ်ဖြန်းဆိုင်လွင့် လေသာသော်၊

## ခက်ဆစ်အဓိပ္ပါယ်များ။

**သော်တာ**= လ၊ သောမာဟူသော(ပါဠိ)မှဖြစ်လာဟန် တူသည်။ ...

**သေနာပတိ**= (ပါဠိ) သေနာ-စစ်သည်ရဲမက်။ ပတိ- အစိုးရသူအရှင်၊ သေနာပတိ-စစ်သူကြီးစစ်ဗိုလ်ကြီး။

**ပြည်ကြီးစွယ်ဘွား**= ပြည်စွယ် (မင်းအမတ်မင်းညီမင်း
သား မင်းဆွေတော် မျိုးတော်များ
ကို ပြည်စွယ် ခေါ်သည်။ မင်းမတ်
မင်းသားမင်းညီများနှင့် ဆွေဝါးမျိုး
စည် ပြည်စွယ်မည်၏ စိန္တကျော်သူ
ရေးနဝရလင်္ကာ။

**ဝတိန်သာ**= တာဝတိန်သာ နည် ပြည် ကို ဆို သည်။

**သူဇာ**= သုဇာတ (ပါဠိ) သိကြားမင်း၏မိမုရား။

**အုတ်ကျက်**= ထွေးလုံးစုရုံး၍ ရှတ်ရှတ်သဲသဲ ဆူညံသံ။

**နု**= နဝဟူသော (ပါဠိ) ဖြစ်လာသည်။ န ဝ အ သစ်။

**သည်းအူရှုံးစိမ့်**= အသဲတွင်း၊ အူတွင်း၊ အရိုးတွင်းရောက်
အောင်စိမ့်ဝင်သည်။

## ၃။ ကျေးစေရတု—မောင်ဘွဲ့။

၁။ **မွှေးညက်ပွင့်သွယ်**။ အလှယ်လှယ်ဘိ။ မြို့လယ်
ဝေးစွာ။ **ဂန္ဓမာနှင့်၊ ကေလာသဇွ** လူးလာနေ၍၊ တိမ်
ချေလှည့်သွား။ ရှင်ပျော်ပါးသည်။ သနားဘွယ်ကျင်ကျေး
**လုလင်**။သို့စင်ရက်မြင့်။ ကြာသဖြင့်လျှင်။ မယ်နှင့်အတူ။ညိုး
ဆာပူလျှတ်။ တ-လီမပြေ။ ပျောင်းညွတ်ခွေလိမ့် သူ့ မြေဝေး
ရာပံ့ပါချေလော့။ သီတာတစင်း သာယာခြင်းနှင့်။ ရစ်ဆင်း
ယာဥ်ဟုန်။ မြောက်သို့စုန်သည်၊ စမုန်ရေညာ ခရီးကိုဝ်။

၂ **ကျေးငှက်တင့်တယ်**။အင်ရှစ်သွယ်ဖြစ်။လျှောက်
ဘွယ်လျှောက်ရန်။ အတန်တန်ကို။ မကျန်ရအောင်။ အား

ထုတ်ဆောင်လေ့။ ရွှေတောင်မိုးမှာ။ မြောက်မျက်နှာက။ အာကာထွန်းပ။ ကုဝေရ–ဟု။ သိကြားပြည်တောင်ကိုယ်ခွဲ ဆောင်သည်။ မှူးခေါင်မတ်များ။ နတ်အလားသို့။ ဆင့်ပွား ခြွေရံ။ သဲသဲညံမျှ။ ဂုဏ်လျှံနိုးဝေ။ သတင်းမွေးသည်။ သူ့ မွေးဘခင်။ ရွှေဝန်းကျင်နှင့်။ ကောင်းကင်ပြောကျယ်။ သူ့ မွေးမယ်လျှင်။ သက်လှယ်ပျံ့ပျူး။ ရွှေလိုဦးသည်။ ကျေးဇူး သခင်။ မယ့်ငယ်ကြင်သို့။ ဖျော်ရွှင်နေရာ။ မြို့ရပ်သာမူ။ ကိုး ဖြာသောဂုဏ်။ ထက်ဆန်စုန်သည်။ ဒဂုန်ကေသာ အနီးကိုဝ်။

၃။ **ဝေးရက်မြင့်ကြွယ်။** ရေးသွယ်သွယ်နှင့်။ပင်လယ် နီးရာ။စစ်မြေတာက။ခွေစာမပေး။ ရွှေကျေးမစေ။နေဖြစ်လေ ဟု။ သက်ဝေကြင်ရာ။ မြှော်လင့်ရှာလိမ့်။ **နန်းလျာထွတ်** ခေါင်။ လတန်ဆောင့်သို့။ ဘုန်းရောင်လွှမ်းမိုး။ ရန်အမျိုးကို။ ဖြတ်ချိုးသုတ်သင်။ ဗိုလ်ဝန်းကျင်နှင့်။**သဘင်**ခံရာ။ ပွင့်လင်း သာသာ။နတ်ရှာကဲ့တို့။ရန်ကုန်မြို့မူ။ မှိုင်းမို့ဝေဝေ။ **သမုဒ်** ရေလျှင်။ ဆူမွှေ၍နှတက်။ ပင်လယ်ပြက်မှ။ နံနက်အကြေ။ ခေါ်ရချေလျက်။ ညနေအညာ။ ဖြစ်ပြန်လှာ၏။ ပြန်ပါတည့် ချေ။ အထွေထွေတိ။ ရစ်ခွေယှက်သန်း။ မိုးပန်းခကုန် ကြည့် တိုင်းမှုန်သည်။ အရဏ်နေဝါ–မဆီးကိုဝ်။

## ခက်ဆစ်အဓိပ္ပါယ်။

ဂန္ဓ=ဂန္ဓမာဒန (ပါဠိ) အမွေးထုံဖြင့်၊ ယစ်မူးစေခြင်း (ဂန္ဓမာဒနတောင်ကို ဆိုလိုသည်။)

**ကေလာသ**=(ပါဠိ) ကေလာသတောင် (ကောလောဘာသော၊) ကော လော– က စား မြူး တူး ခြင်း။ ဘာသော၊ နေရာ။ ကစား မြူးတူးသော နေရာ။ ကုဝေရ–နတ်မင်း၏မြို့။

**လုလင်**=(ပေါရာဏ) အသက်အရွယ် ငယ်နုသူ ပျိုမျစ်သူ လူပျို။

**ကုဝေရ**=(ပါဠိ) ကု–ဝေရ၊ ကု–စက်ဆုတ်ခြင်း။ ဝေရ–ကိုစက်ဆုတ်အပ်သော ကိုယ်ရှိသော နတ်။ ၎င်းနတ်ကို။ နရ–ဓာဟနလည်း ခေါ်၏။ ဝေဿဝဏ်နတ်မင်း၏သားကုဝေရနတ်။ ဘီလူးတို့ကို အစိုးရသောသူ။ လူယာဉ်ကို စီးသည်။

**သမုဒ်**=သမုဒ္ဒ (ပါဠိ) ပင်လယ်။

**၄န်**=(ပေါရာဏ) လွှမ်းမိုးသည်။

## ၄။ ကျေးစေရတု မောင်ဘွဲ့။

၁။ **ချင့်တာကိုးထောင်။** တောမြိုင်ချောင်ဌ်။ ငွေ့တောင်ဌာန။ ပျော်ပါးကြသည်။ စိမ်းမြညိုသွယ်။ ကျေးမျက်ချယ်။ ငါးဆယ်တော်စစ်။ မျိုးခြင်းဖြစ်ဟု။ မျက်နှစ်ဂူ**ဟော**။ ဉသက်ရွှေသို့။သက်ဝေတူချ။ မခြားကြအောင်။ မိဘကြည်ယုံ။ နှစ်ပါးစုံတို့။ ဆွေပုံစုဝေး။ ထိမ်းမြားပေးသည်။ မြတ်လေးဘွယ်ပင်။ **မယ် ဆံကျင်ကို**။ဆက်တင်ခွေစာ။ လျှောက်ချေ

ပါလေ့။ခုကာလချိန်။ **ရာသီသိန်၌** စက်ရှိန်ပွင့်လန်း။ ရွှေ
ရောင်ဆန်းသည်။ ။နေနန်းဖလ် အတင့်တယ်သော၀်။

၂။ **မြင့်ရာမိုးခေါင်**။နတ်တန်ဆောင်သည်။လျှံပြောင်
ရွှန်းရွှန်း။ ထိန်ထိန်ထွန်းသို့။ ပတ်ဝန်းစက်ခြည်။ ရန်မျိုးနည်
သော်၊ ဂျမ်း ပြည် အ လုံး။ ဝန်း ပတ် ကုံး ကို။ ပိုက်ကျုံး
သိမ်းယူ။ အောင်တော်မူ၍။ လှိုင်ဆူဂုန်ချောင်း။ ဗိုလ်သိန်း
သောင်းနှင့်။ နိုန်းလောင်းပွင့်ဝေ။ ဘုန်းမြူတေလျှင်။ စက်ရွှေ
လှည့်လည်။ ပြန်တော့မည်ဟု။ ထင်သည်ရေးရေး။ မယ်စိတ်
တွေးကြောင့်။ မ ဝေး ကြ လို့။ သည် လ ကို ပင်။ ကုသိုလ်
ထပ်တူ။ မယ့် ဆိုင် သူ နှင့်။ လှမ်း ယူ မျှ ဝေ။ ပန်ရစေဟု။
ညွတ်ခွေမာလာ။ ဆင်းရောင်မှာမူ။ ရှုသာတင့်ဆန်း။ ပွင့်ပန်
မြန်းသည်။ ငွေပန်းပန်ချင့်စ ဘွယ်သော၀်။

၂။ **ပွင့်ဝါပြိုးပြောင်**။ အ ဆောင် ဆောင် လျှင်။ မိုး
ခေါင်ထိတ်စွန်း။ မြင့်သွန်းသွန်းတည့်။ လဝန်းထွက်ပေါ်။ ရွှေ
နန်းတော်က။ ဆီလျော်ထောက်မူ။ ရွှေတူရှု၍။ သဲဖြူအန္တံ။ မြေ
ညှံ့ညှံ့ထက်။ မင်းလံ ထိပ်စွန်။ သာမျိုးလွန်သည်။ ထပ်ချွန်
ကျယ်ဝန်း။ အိမ်စံခင်းက။ သက်နှင်းထပ်တူ။ စစ်မှာသူကို။
တရှုမျှော်လျက်။ တနေ့ရက်မျှ။ မပျက်ရစေ။ ခါတ်ပေါင်းမွေ
ဝယ်။ ညွတ်ခွေကြည်သာ။ လှူသည်မှာကား။ နိုရာသီပန်း။
တင့်တယ်လန်းသည်။ ။ထွေစန်းမှန်တပွင့်နှယ်သော၀်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ဆံကျင်=** ပုဝါ ခေါင်းပေါင်း။ ပေါင်းသည့် အခါ သျှောင်ကို အုပ်ဖုံးထားသော ၃ ထောင့်အုပ် ဆောင်းပုံရှိတန်ဆာကို ဆံကျင်ဟုခေါ်သည်။

**ရာသီသိန္ဓု=** သိန်ရာသီမည်သော ဝါခေါင်လဉ္ဈ ဆိုလိုသည် (သိဟ်ယူ၍လည်း ရေးထုံးရှိသည်၊ ခြသေ့တို့ ကြိုက်နှစ်သက်သော ရာသီ။ ခြသေ့ အဆင်းနှင့်တူသော ရာသီဟု ရာဇမတ္တဏ် စသော ဗေဒင်ကျမ်းများတွင် ဆိုသည် ခြသေ့ဟော သီဟပုဒ်တွင်၊ ဟကိုတံခွန်တင်၍ မြန်မာဘာသာ သိဟ်ရာသီခေါ်ဝေါ် ရေးသားကြသည်။)

## ၅။ သာလိကာစေရတု မောင်ဘွဲ့။

**၁။ ရှေးဆက်မြင့်ကြာ။တိုင်းပဉ္စာငယ်** ကလျာမဥ္ဇူ၊ ရွှေနန်းသူတို့၊ မွေးမြူကြင်ရာ၊ သာလိကာ၏၊ နွယ်လာမယွင်း၊ မျိုးဆင်ဆင်းသည့်၊သန့်ရှင်းပြာညို၊ ချောရွှယ်ပျို ကုသိုလ်မတူ၊ ဘယ်ဆုယူကြောင်း၊ သူလည်းတသွယ်၊ မယ်လည်းတမြေ၊ သမုဒ်ရေလျှင်၊ ခြားသောဟန်၊ ဝေးရပြန်ခဲ့ရှစ် တန်အင်္ဂါ၊ လက္ခဏာနှင့် ရှာရှာဖွေဖွေ။ စုံစမ်းချေလော့မင်း နေသင်္ဂီ၊ ရွှေမြို့ဆီက၊ သိရိရစ်ဝဲ၊ ကြူးသံနွဲ့၍၊ ကြေကွဲမရှင်၊ရှိ သူမြင်သော်။ ပူပင်စိမ့်ငှါ၊ မှိုင်းရိပ်ကာလျှင်၊ တိမ်ဝါမိုးပန်း ဆင့်တာတန်းသည်၊ ထွေဆန်းစိန်ပွင့် ဖန်ပြာသောဝ်။

၂။ **မွှေးညက်ပွင့်ဝါ**။ ထုံမျိုးပါသား၊ ကေသာမြိတ်ထုံး၊ ဆံဦးလုံးတွင်၊ ကြက်ရုံးသဇင်၊ ပန်းမျက်ရှင်ကို၊ ပန်ဆင်နေကြ၊ မဆင်ရသို့၊ ဝေးကြချေပြီ၊ ရွှေဘုံးမှီ၍၊ ရာသီနှစ်ဝင်၊ သည်သဘင်ဝယ်၊ ပင်ထင်ဌာန၊ ရွာမကလျှင်၊ ကဲဆဂုဏ်ဝေ၊ ပြန့်ပွားချေ၍၊ ကြာလေသလော၊ သဘောအင်တူ၊ နောက်ပေါ်လူနှင့်၊ မူယာဖေါက်ပြန်၊ ရှိလိမ့်ဟန်ကို၊ ဖန်ဖန်လွမ်းဆွတ်။ ယိုယွင်းချွတ်ခဲ့။ နူးညွတ်ဘွယ်သာ။ ခုသန်ပါကား၊ ခတ္တာဖြူဖွေး။ မစဲသေးလျက်၊ ရောထွေးယှက်ကာ၊ ဘယ်ခြင်းရာကြောင့်၊ ယင်းမာရွှေပန်း၊ ပွင့်လန်းစုံသည်၊ နေနန်းသိန်နှင့်၊ ကန်မှာသောဝ်။

၃။ **လေးနက်သင့်ရာ**။ လျှောက်ရန်မှာကား၊ဗျာပါဝန်လေး။ ချစ်သူဝေး၍။ လွမ်းရေးဆိုဘွယ်။ သို့စင်ကျယ်လျက်။ ပင်လယ်စုံညီ။ မြစ်နဒီနှင့်။ ကမ်းနီရွှေမြို့။ မှိုင်းဝေမို့တွင်။ မြင်းမိုရ်အတူ။ တွေးကြယူသား။ မြင်းဖြူညီနောင်။ သာသည့်တောင်က။ မှူမှောင်အသစ်။ တိမ်ခိုးဖြစ်ခဲ့။ မြစ်လည်းတတွေ။ ရေလည်းမညီ။ ရာသီဖေါက်ပြန်။ ပန်းမမှန်ဟု။ ဖန်ဖန်ကွဲကြ။ မယ့်ဖြစ်ထွေကို။ မင်းနေရပ်မှာ။ ရှိသူလာမှ။ လျှောက်ရာဆုံးတိုင်။ ကုန်ခန်းနိုင်အံ့။ ရွှေလိုဏ်ကျယ်ဝင်း။ စကြာတွင်းဝယ်။ **ညခင်းဆည်းဆာ**။ ပန်းမာလာနှင့်။ ရှိကြရှင်လန်း။ အိမ်**မက်**မှန်းသည်။ ရေပန်းချိန်သင့် **သံဝါ**သောဝ်။

....o....

ခက်ဆစ်အဓိပ္ပါယ်များ။
တိုင်းပဥ္စာဝယ်=ပဉ္စာလတိုင်းဝယ်။
ကေသာမြိတ်ထုံး=ဆံမြိတ်ထုံး။
အင်တူ=အကြောင်းအတူ အဖြစ်သနစ်တူ။
မစဲသေး=မရပ်သေး, မကုန်သေး။
သိန်နှင့်ကန်=သိန်ရာသီမည်သော ဝါခေါင်လနှင့် ကန်ရာ
သီမည်သော တော်သလင်းလ ဆိုလိုသည်။

## ၆။ မြေတူးရွှေချမ်းသာ ဘုရားတိုင်ရတု (မောင်ဘွဲ့ရတု)

၁။ **ကိုးဆင့်စံတည်။** ထိန်ထိန်လည်လျက်။ ခြောက်
မည်လျှံဖုံး။ တောင်တလုံးထက်၊ ပတ်ကုံးထင်ပေါ်။ သီးသီး
ကျော်သည်။ နံတော်သောကြာ။ **ရွှေချမ်းသာ**ကို။ မြစ်ညာ
မြေတူး။သီခေါင်ကြူးတည့်။ ကျွန်းဦးချက်ဗွေ။မှိုင်းဝေဝေမျှ။
သပြေအောင်ခန်း။ပင်ကြင့်နှန်း၌၊ရွှေနန်းရှင်စံ၊ **ဘိတ်သိက်ခံ**
မှု။ ပုဂံနေပြည်။ ရွှေစက်လည်၍။ ညွတ်ကြည်သဒ္ဒါ။ တည်
ထားရာတွင်။ ညီညာနတ်ပေါင်း၊ စောင်မကြောင်းကုံ။
နောက်နှောင်းစဉ်လာ။ သိစိမ့်ငှာဟု။ **မဟာလက်ရန်း။**
ရွှေစောင်းတန်းဝယ်။ နတ်နန်းအယောင်။ ထင်ရှားအောင်
လျှင်။ ဘုံဆောင်ခြားနား။ ပြုခဲ့ထားသည်။ ။သိကြားနေ
သည့် လှိုင်ဂူသော်ဝ်။

၂။ **မိုးပွင့်လျှံခြည်**။နေလလည်သို့။မည်သည့်မကြွင်း။
ခေတ်သုံးကွင်းကို။ ပဝင်း ထိန်ဝါ။ ဉာဏ်တော် ဖြာသား။

ချမ်းသာရှင်ပင်။ မြတ်ဆံကျင်၏။ ရင်ပြင်ရွှေမှောက်၊ စကြာ အောက်သို့။ မရောက်စဖူး။ ဂုဏ်ကျေးဇူးကို။ ချီးကျူး တ မျှော်။ ယခုသော်မူ။ ရွှေတော်ညွတ်ခ။ ဖူးမျှော်ရ၍။ တွက်ဆ ရာပြန်။ ကြိမ်ဖန်ကြိမ်များ။ ဆင့်ပွားဆတ်ထွေ။ ဆွတ်ခြွေကွဲ ပြို။ စိတ်ကြည်ညိုရှင့်။ မှတ်ဆို စရာ။ ရောက် ချိန် ခါ က။ **စကားဝါရောင်နီ။ မိန်ရာသီ** က။ မချီဘဲကို။ တခူးကိုပင်။ **လေချို**လူညှိလည်။ ဝိုက်သန်းသည်နှင့်။ မတည်မတန့်။ ကာလ င့်၍။ ပွင့်အုံတျားတျား။ ကြိုင်ပျံ့ ရှား သည်။ ။စကား ရွှေမှည့်ခိုင်ကြူးသောဝ်။

၃။ ကြိုးမြင့်ကြံစည်။ သံသာလည်လည်း။မှတ်ရည်ဆု ကြီး။ အစဉ်မှီးသည်။ ဦးရီးတော်သား။ နန်းရံထားနှင့်။မပြား ခုနှယ်။ ပြစ်မချယ်လျှင်။ ဆက်နွယ်စုံညီ။ **ပါရမီ** ကို။ စွဲမှီ မှတ်သူ။ ကြည် စိတ် ဖြူ လျက်။ ဆုယူ ဖိုလ်မင်္ဂ။ တောင်း လျှောက်ချက်နှင့်။ ဆောင်းရက်မပြေ။ နှင်း မကြွေသည်။ တောင်လေဝန်းမှ၊ ပေါ်သစ်စက။ ထွန်းပကုန်စင်။ တန်းဆာ ဆင်သို့၊ နီလွင်ပြိုးပြောင်။ ဝဲနက်ချောင်မှ။ အရောင်ယိုကျ။ ထုတ်ဖေါ်ရဟု။ ဆက်သလိုက်ရာ။ ရတနာတိ။ သန္တာခက် လက်။ ခိုင်ချင်းရှက်တွင်။ ရွှေမျက်သဘွယ်။ ရွဲလုံးချယ်သား။ တင့်တယ်လှအောင်။ ပြိုးပြိုးပြောင်ကို။ လက် ဆောင် တင် သား။ တိုင် လျှောက် ထား သည်။ ကရား ရေ ပြည့် ကိုင် လှူသောဝ်။ ..

....o....

မူကွဲ။ ဈွဲမှီမှတ်မူ။ စိတ်ကြည်ဖြူလျက်။
တရားဓရပြည့်။ တိုင်လှူသောဒ်။

ခက်ဆစ်အဓိပ္ပါယ်။

**ရွှေချမ်းသာ**=ရွှေချမ်းသာဘုရားကို ဆိုသည်။
**ဘိသိက်**=ဆုတောင်းမင်္ဂလာစကားကို ရွတ်ဆို၍ ရေသွန်း
လောင်းခြင်း။ (အဘိသေက ဟူသော ပါဠိမှ
အဘိသိက်။ ထိုမှ ဘိသိက်ဖြစ်လာသည်။
**မဟာလက်ရန်း**=ကြီးမြတ်သော လက်ရန်း။
**မိန်ရာသီ**=တပေါင်းလ။
**ငံ့၍**=ဆိုင်း၍။
**ဈားဈား**=(ပေါရာဏ)ဆဲဆဲလုမတတ်။
**ပါရမီ**=(ပါဠိ) ထိုမှာ ဘက်ကမ်းသို့ ကူးမြောက်ခြင်း
ပြည့်ခြင်း။ (ပူပန်ခြင်းကို ငြိမ်းစေခြင်း ငှာ။
စွမ်းနိုင်သော။ ထိုမှာဘက် သဘွယ် ဖြစ်သော
ကြောင့် ဖြစ်ပါရံ)။

၇။ သာလိကာစေရတု မောင်ဘွဲ့။

၁။ **မွှေးပွင့်လေသာ**။ထုံပေါင်းပါသို့။ နွတ်အာချို့
လွှင်။ လူတို့ခွင်၌။ ကျွမ်းကျင်သတိ။ ရိပ်ခြည်သိသား။ သာလိ
ကာစုံ။ ငှက်တရံတွင်။ ယုံကြုံသက်မျှ။ မယ်မသာရ။ ဒေသ
ရပ်မူ။ ရွှေဇမ္ဗူနှင့်။ ပြစ်မူ့ကင်းရှောင်။ ပန်းအရောင်တို့။
ထွန်းပြောင်ထိန်ထိန်။ နံနက်ချိန်ဝယ်။ ဝတိန်ပြည်သို့။ ရွှေနန်း

မြို့နိုက်။ နတ်တို့ စီရင်။ ပွဲသဘင်ဖြင့်။ ထွက်ဝင်ပျော်ပါး။ အစောင့်ထားသား။ တံခါး လမ်းဆုံ။ ဆယ့် နှစ် ဘုံ တွင်။ စွယ်စုံမျောင်ညီး။ ဆင်ယာဉ်စီးလျက်။ ဂြိုဟ်ကြီးစောင့်ရာ။ တောင်မျက်နှာမှ။ မြောက်ညာ ဖြောင့်တန်း။ သာပွင့်လန်းသည်။ လေးသန်းလိုဏ်မြင့် ဘုံပေသော်။

၂။ လေးရင့်ထွေလာ။နှုတ်သံသာဖြင့်။ပျူငှာချီ။ ငှက်ပြာညိုလျှင်။ မိုးကိုထိနိုး။ လေယာဉ်စီး၍၊ ခရီးဝေးမြေ။ ပျံပါချေလော့။ သက်ဝေ ထပ်တူ။ မယ့်ကြင်သူမူ။ ဆာပူလိုက်လှဲ့။ ဆင့်ဆင့်ကဲ၍။ ဘော်တွဲမညီ။ ရှိကြပြီဟု။ ရာသီမေထုန်။လနယုန်နိုက်။ပဋ္ဌာန်ကြော်ကြွေး။ သည်လွတ်ရေးတွင်။ ကျေးလည်းတခါ၊ စားလည်းနှစ်ခေါက်သို့ စင်ရောက်လျက်။ မလျှောက်မစေ။ နေလွန်းချေဟု။ သက်ဝေငယ်ချစ်။ ရှိသည်ဖြစ်ကို။ သနစ်သနာ။ မယ့် စိတ် မှာ လျှင်။ ထွေရာအောက်မေ့။ မပျော်မေ့ခဲ့။ ချစ်ငွေ့လှိုင်ကြူ၊ ပေးမှာသူကို။ ပုံတူ စိတ်မှန်း။ ပြိုင် နှုန်း နန်း သည်။ မွေးပန်း ကြိုင်လွှင့်။ ထုံခွေ့သော်။

၃။ ကျေးနှင့်ခွေစာ။ ရောက်ပြန်ရာတွင်။ဗျာပါလှိုင်ဝေ။ ရှိသည်ထွေမူ။ ခါနွေဖေါက်ပြန်။ ထွေသောဟန်လျှင်။ ဟောမန်ရောယှက်။ တပေါင်းရက်က။ ရွှေစက်ချိုရာ။ နောက်တော်ပါ၍။ ရှည့်ကြာသမျှ။-တွေးဆလိုက်မူ။ လေးလရာသီ။ ရှိခဲ့ပြီတည့်။ စိတ်ချိကွန့်မြူး။ မေထုန်ကြူး၍။ မိုးဦးနွယ်တာ။ အာသဠ္ဍာဝယ်။ သစ္စာ ကြိုက်ကြုံ။ ချစ်ဘော် စုံ၍။ ရွှေငုံ

အလား။ ညှို့ထွားထွားလျှင်။ ရင်သားနုံနယ်။ ပုလဲသွယ်ကို။ လည်ဝယ်မှိုစွဲ။ နွဲ့လျက်ချီ၍။ ရာသီလကို။ အရိပ်ပို့သား။ ဝါဆိုချိန်သင့်။ မိုးပန်းပွင့်နှင့်။ ကိုးဆင့်ဘုံခွင်။ စေတီပြင်၌။ ဆက် တင် လှူ ဒန်း။ မယ် က မှန်း သည်။ ရေဝန်းဆိုင်ခွင် ကြုံစေသော်၊

## ခက်ဆစ်အဓိပ္ပါယ်များ။

**စိရင်**=ခင်းကျင်းသည်။

**ပြောင်**=အကြီး (ပြောင်သဒ္ဒါသည် အကြီးအငယ် မစွမ်း မသန်သည်များကို ဟော၏။ ဤအရာ၌အကြီးကို ယူ။ မရားပိန်ပြောင်-၌ ပြောင်သည် အငယ်ကို ဟောသည်။-တပဲကို ပြောင်။ ငေါင်းအယောင် လျှင်-၌ ပြောင်သည်။ မ စွမ်း မ သန် သည် ကို ဟောသည်။)

**ယျူဟာ**= ကိုယ်နှုတ် နှစ် ပါး ဖြင့် အစေ့ အစပ်ပြုအပ်သော ကျင့်ဝတ်။

**မေထုံ**=နယုန်လ။

**ပဇ္ဇုန်**=ပဇ္ဇုန္န (ပါဠိ) မိုး=မိုးတိမ် ပဇ္ဇုံ နတ်ကို မိုးနတ် ခေါ်သည်။ ပဇ္ဇုန္နကို ပဇာအန္နဟု ပုဒ်ပြတ်။ ပဇာ သတ္တဝါဟော။ အန္န= ထမင်းဟော၊ ဇတလုံး၌ ရှိသော အစိတ်-အ-ကို ဥပုံ။ပဇ္ဇုန္နဟုပုဒ်ပြီး၏)။

**လှိုင်**=များသည်။

**နွယ်တာ=နွယ်တာလ=** ဝါဆိုလ (နွယ်တာကို ဝါဆို။ ဝါခေါင်ကို နံကာ၊ တော်သလင်းကိုသစ်ဆင်း၊ သီတင်းကျွတ်ကိုသန္တုလဟုခေါ်ဝေါ်ကြသည်)။

**အာသာဠ=**(ပါဠိ) အာသဠှဟု ဆိုလိုက်လျက် ကာရန်ကို ငဲ့၍အာသဠှာဟု ဆိုထားသည်။ ဝါဆိုလကို ဆိုသည်။ ဝါဆိုလကား အာသာဠ– သို့မဟုတ် ပြုဗ္ဗာသန်နက္ခတ်နှင့် စန်းယှဉ်သော လတည်း။

## ၈။ ကုန်းဘောင်မြို့ရှိ ဝန်ကတော်ထံပေး ကျေးစေရတု။

**၁။ နတ်တော်သီခေါင်**။ဟေဝန်ချောင်ဝယ်၊ ငွေရောင် အထွတ်၊ တောင်လုံးညွတ်၍၊ မြဝတ်ဆင်းရောင်၊ မြို့ရွှေ ဘောင်နိုက်၊ သုံးဆောင်လိုက၊ ပို့လှာရသည်၊ ဌာနမြေဝေး၊ မြတ်ညာကျေး။ ဆယ့်လေးငါးနှစ်၊ ရွယ်နု မျစ်တွင်၊ ဆုသစ္စာလှူ၊ ချစ်ဘို့ကြုံသည်၊ စည်းခုံပုထိုး၊ စေတီမျိုးမှာ၊ မြတ်နိုး ဆုယူ။ တောင်းသည့် သူကို၊ ဆာပူဖျောက်ဖြေ၊ လျှောက်ပါချေလော့၊ မင်းနေထွတ်ခေါင်၊ မြို့တန်ဆောင် ဝယ်၊ ရန်အောင်လကျာ၊ လေသာလက်ဝဲ၊ ရွှေရင်းရဲမှူး လေးလွဲ တကာမ်း၊ ဆိုလေ့ထတ်လှမ်းတွင်၊ မင်း လမ်း ယှဉ်ကာ၊ သည်မျက္ခာဝယ်၊ ကလျာ ရောင် ကောင်း၊ ပြာနွဲ နှောင်းသည်။ ။အကြောင်းသိချင်ပေလိမ့်မည်။

....ဝ....

၂။ **မြတ်စေသည်နှောင်း။** ခြောက်သွယ်ရောင်ဖြင့်။ တိမ့်ဘောင်ထိနီး ၊ ဘိတ်ဘိတ်ညီးမျှ။ ကူကြီးမဟာ ၊ ရွှေတန်းဆာဝယ် ၊ သစ္စာလေးဆူ၊ ရှိသည်ဟူ၍၊ ဆိုင်သူမပါ၊ မတောင်းတာသည်၊ သီဒါရေကြည်၊ သွန်းခဲ့သည်ရှင့်၊ ရက်ရှည်မဝေးမင်းမှူးရေးကြောင့်၊ မနေးလွှယ်ကူ၊ ပြန်မည်ဟူ၍၊ ဇမ္ဗူသိင်္ဂါ၊ ဆင်းရောင်မြူနှင့်၊ မိန့်ဟာမြွက်ချီ၊ ရှိလေသည်ကို၊ ရွှေပြည်ရပ်ဌာန်၊ ဆောင်းဟေမန်တွင်၊ မပြန်ရဘဲ၊ သို့စင်လှဲ၍၊ ယင်းရဲထဖုံ၊ စည်းခုံတလျှောက်၊ အုန်းပေါက်တဆူ၊ ရွှေကူဘုရားရှင်စောများဝယ်၊ ဝတ်တွား သံညောင်း။ ဆု ယူ နှောင်းသည်။ ။မတောင်းမိပင် နေလိမ့်မည်။

၃။ **မှတ်လောချီဆောင်။** သည်စာစောင်ကို၊ ကုန်းဘောင်မြို့ပြန် ရက်မမှန်သည်။ ခန့်ရန်မှုရေး။ မပြေသေးခဲ့၊ ရွှေးလေးလခွေ။ မတိုင်စေနှင့်။ မြူတေဆင်းစံ မိန့်ခွန်းသံကို တဆံခြည်တွက်၊ မျှမက္ခက်ဟု၊ အသက်ဝေးဘော်။ ခါင့်သော်လည်း၊ ပွဲတော်သဘင်။ နှစ်သစ်ပင်မှ။ ရွှေစင်ကိုက်စု၊ ပင်တိုင်နူသော်။ ရတုသဟာန်။ ကုန်းဘောင်ပြန်ဟု၊ ဖန်ဖန်စေ့ရေ။ လျှောက်ပါလေလော့။ တနွေတမိုး။ ကြာမည်စိုး၍ နေညိုပန်းမန်။ နွမ်းသောဟန်ဟူ။ တ ဖန် မ ရောက်။ တခေါက်မစေ၊ စက်ရာနေတွင်။ သက်ဝေငယ်ပေါင်း။ သန်းညှိုးပျောင်းသည်။ ဖရောင်းအိသွင် နွေလိမ့်မည်။

ခက်ဆစ်အဓိပ္ပါယ်များ။

နတ်ဓေတာ= နတ်အများအမှီပြုနေထိုင်ရာတော။
(ဟိမဝန္တာတောကို ဆိုလိုသည်။)

**စည်းခုံ**= သဲခုံပေါ်မှာ တည်ထားသော ဘုရားကို စည်းခုံခေါ်သည်။(သောင်ကိုစဲဟူ၍ငင်း။စည်းဟူ၍ငင်းခေါ်သည်။) သဲစည်းခုံဟူသော စကားအရ။ သဲသောင်ခုံ ခေါ်သည်။ အနော်ရထာမင်း စေတီတည်ရာဌာနကိုဇေယခုံ– ဟုခေါ်ရင်းရှိ၏။ ဇေယျခုံမှဇည်းခုံ၊ ဇည်းခုံမှ စည်းခုံ ဖြစ်လာသည်ဟု ဆိုကြသည်၊ အနော်ရထာမင်း တည်ထားသော ရွှေစည်းခုံ စေတီတော်ကြီးကို အရင်းထားလျက်။ အခြားစေတီများကိုလည်း စည်းခုံဟု ခေါ်တတ်ကြသည်။ စည်းခုံ ဇည်းခုံ ၂ မျိုးကို ကြိုက်နှစ်သက်ရာယူ။)

**ပုထိုး** = ဘုရား။ ဗုဒ္ဓေါဟူသော (ပါဠိ)မှ ဗုဒ္ဓိုး။ဗုဒ္ဓိုးမှပုထိုးဖြစ်လာသည်။ (ပုထု- လုသော ပါဠိမှ ပုထိုးဖြစ်လာသည်ဟု အချို့ယူဆကြသည်။ ပုထုကိုယူလျှင်ကြီးကျယ်သော စေတီဟု အဓိပ္ပါယ်ရသည်။ ထူပမှဖြစ်လာသည် ဟူ၍လည်း ယူဆကြသေး၏ အဘိဓါန်ဋီကာ ဆရာက လိုဏ်မုခ်မရှိသည်က စေတီခေါ်၍ လိုဏ်မုခ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စေတီဟူသမျှကို ထူပဟု ခေါ်သည်ဟု စေတီယနှင့်ထူပခြားနားပုံကို ပြသည်။)

**၉။ ဝန်ကထော်ပြန်၍ပေးသော – မှော်ဘွဲ့မိုးတော့ရတု။**

**၁။ ထက်ယံကိုးမည်**။မိုးပတ်လည်ဝယ်၊ကြာချည်ညို

သွင်။ မှိုင်းမှိုင်းစင်လျှက်။ သဘင်ကြီးရေ။ တင့်တာယ်စေဟု၊
ဝေ့ လေမဝိုင်း။ လှိုင်းကာအိအိ။ ရေတိရစ်ဝန်း။ သောင်ကျွန်း
မမြင်၊ မြစ်ပြင်တညီ ကမ်းရေမှီလျက်။ ကြူးသီညံညံ။ မိုးပွဲ
ခံ၍။ မြည်သံခြိမ်းမဲ။ ရွာဘူးဘဲကို၊ ရွာမြဲထက်ပင်၊ ကြွေး
ကြော်ဆင်လျက်။ ကောင်းကင်နဂါး။ ရေ နတ် သား နှင့်
ပတ္တမြားနကိုတပြိုင်စိုသား။ ဝါဆိုနယံ။ ရွှေ က ဆုန် ဝယ်။
ပဇ္ဇုန်နတ်မင်း။ သနားကင်းသည်။ ။ကိုယ်ချင်းစာပိညာ
ဘဲကိုဝ်။

မူကွဲ။ ကြွေးကြော်စင်လျက်။

၂ ဆက်သံမိုးစည်= တဟည်ဟည်နှင့်။ လှည့်လည်
ဝန်းကျင်။ မမြူးခင်ကို။ ဖြူစင်ဖွေးဖွေး။ တိမ် လိပ် ပြေး သို့၊
လွှမ်းရေစိမ့်စို။ တခြမ်းညိုနှင့်။ စာဆိုတတ်သူ။ မယ့်ကျင်သူ
လျှင်။မဠူခိုင်လုံး။စာသာကုံးကို။ စွဲသုံးမမှန်။ အတွင်းချန်နှင့်
ဟောဝန်မာသ၊ ဆောင်းလယ်မှသည်။ ကာလသွေးငင်၊ ပန်း
သစ်ဆင်လျက်။ သဘင်ကိုးခါ။ အတာကိုးမူး၊ ဆု ယူ ကိုး
ကြိမ်။ ရပ်မငြိမ်ခဲ့။ နွေဂိန်မှာန်နွဲ့။ ပျော်စမြဲတည့်။ မင်းပွဲ ရွှေ
ပြည်။ မိုလိမ့်မည်ဟု။ နူတ် ခြည် သံ ညွှင်း။ မ တည် ယွင်း
သည်။ ။ဆိုရင်းဒါမှိတာပွဲကိုဝ်၊

၃။ ရှုက်တံရှိုးရှည်။ပင်လုံစည်သား၊နေခြည်ဝင်းဝါ
ရေဝေးကြာသည်၊ ခက်ဖြာမဝေ။ ပြောက်ညွှတ်ခွေသို့။ ကွဲ
ကြေဟ၊ ရှုလွှမ်းသည့်သူကို၊ စိတ်ယူမသာ။ ရှိအောင်ရှာခဲ့။
မာလာရွှေရိုး။ ချိန်ခါနိုးသား၊ နက်ပျိုသိင်္ဂါ၊ ရွှေယင်းမာ
တည့်၊ ပျော်ရာသနစ်။ မိုးစင်စစ်ကို။ ဝတ် သစ် ညှို ရောင်။

သွင်။ မှိုင်းမှိုင်းစင်လျက်။ သဘင်ကြီးရေ၊ တင့်တာယ်စေဟု၊ ဝေ့ လေမဝိုင်း၊ လှိုင်းကာအိအိ။ ရေတိရစ်ဝန်း။ သောင်ကျွန်းမမြင်၊ မြစ်ပြင်တညီ ကမ်းရေမှီလျက်။ ကြူးသီညံ့ညံ့။ မိုးပွဲခံ၍။ မြည့်သံခြိမ်းမဲ။ ရွာဘူးဘဲကို၊ ရွာမြဲထက်ပင်၊ ကြွေးကြော်ဆင်လျက်။ ကောင်းကင်နဂါး။ ရေ နတ် သား နှင့်ပတ္တမြားနကိုတပြိုင်စိုသား။ ဝါဆိုနယုံ။ ရွှေ က ဆုန် ဝယ်။ ပဇ္ဇုန်နတ်မင်း။ သနားကင်းသည်။ ။ကိုယ်ချင်းစာပိညာဘဲကိုဝ်။

## မှုကွဲ။ ကြွေးကြော်စင်လျက်။

၂ ဆက်သံမိုးစည်= တဟည်ဟည်နှင့်။ လှည့်လည်ဝန်းကျင်။ မမြူးခင်ကို။ ဖြူစင်ဖွေးဖွေး။ တိမ် လိပ် ပြေး သို့၊ လွမ်းရေစိမ့်စို။ တခြိမ်းညီနှင့်။ စာဆိုတတ်သူ။ မယ့်ကျင်သူလျှင်။မဥ္ဇူခိုင်လုံး။စာသာကုံးကို။ စွဲသုံးမမှန်။ အတွင်းချန်နှင့်ဟောဝန်မာသ၊ ဆောင်းလယ်မှသည်။ ကာလသွေးငင်၊ ပန်းသစ်ဆင်လျက်။ သဘင်ကိုးခါ။ အတာကိုးမူး၊ ဆု ယူ ကိုးကြိမ်။ ရပ်မငြိမ်ခဲ့။ နွေဂိန်မှာနွဲ့။ ပျော်စမြဲတည့်။ မင်းပွဲ ရွှေပြည်။ မှိလိမ့်မည်ဟု။ နူတ် ခြည် သံ ညွှင်း။ မ တည် ယွင်းသည်။ ။ဆိုရင်းဒါမှိတာပွဲကိုဝ်၊

၃။ ရွက်တံရှိုးရှည်။ပင်လုံစည်သား၊နေခြည်ဝင်းဝါရေဝေးကြာသည်၊ ခက်ဖြာမဝေ။ ပြောက်ညွှတ်ခွေသို့။ ကွဲကြေတ၊ ရှုလွမ်းသည့်သူကို၊ စိတ်ယူမသာ။ ရှိအောင်ရှာခဲ့။ မာလာရွှေရိုး။ ချိန်ခါနိုးသား၊ နက်ပျိုသိင်္ဂါ၊ ရွှေယင်းမာတည့်၊ ပျော်ရာသနစ်။ မိုးစင်စစ်ကို။ ဝတ် သစ် ညို ရောင်။

အလှဆောင်လျက်၊ မိုးခေါင်းသွယ်ရစ်။ နှစ်ဆဲ့ရှစ်တည့်။ တက်သစ်ချိန်မှီ။ ညဥ့်နာရီလျှင်။ မဖီးမဘား။ အနေခြား၍၊ တိုးပွားမည့်ဟန်။ သိန်မှုကန်ကို။ သေန်နတ်ဂြိုဟ်။ ကြူးသံလိုက၊ ကုဏ္ဍချက်ခြင်း။ သိးနုကင်းသည်။ ။ဂြိုဟ်မင်းရာသီခွါမြဲကိုဝ်။

**ခက်ဆစ်အဓိပ္ပါယ်များ။**

**ထက်ယံကိုးမည်=** အရပ်ရှစ်မျက်နှာနှင့် ထက်ကောင်းကင်ရပ်ကိုဆိုသည်။

**၁၀။လက်ဝဲသုန္ဒရအမတ်အား။မဲဇာသစ်တောသို့ပို့စဥ်**

**ရောက်ခါနီး=မဲဇာသစ်တောကိုမြင်ရာတွင်ဘွဲ့ဆိုသောကောပိုဒ်ရတု။**

**အဆိုင်ဆိုင်လျှင်။** တောမြိုင်လည်လှည့် ကမ်းလုံးပြည့်မျှရှုကြည့်လေရာ။ ကြောက်ဘွယ်သာတည့်။ ပြာပြာလွလွ။ မှိုင်းပြမှောင်မှောင်။ တောနှင့်တောင်လည်း။ တိမ်တောင်မိုးရှို။ထွေးရှက်ငြိမျှ။ လွမ်းမိစဘွယ်၊ ကောင်းကင်လယ်လျက်၊ တောင်လယ်တောင်ထိပ်။ မိုးညိုရိပ်နှင့်။ တိမ်လိပ်ဆော်ညွန်း။ စ၍ထွန်းသည်။ နေဝန်းပေါ်လွင် ချင်ဘိသည်။

**ခက်ဆစ်အဓိပ္ပါယ်များ။**

**ပြာပြာလွလွ=** အဖြူ-ကြွကြွရွှရွှ၊ အရွှရွှ၊ တလွလွစသည်ဖြင့် ဝေါဟာရရှိ၏။ ဤနေရာ၌အဖြူကို မယူသင့်"ကြောက်ဘွယ်သာတည့်။ ပြာပြာလွလွ။ မှိုင်းပြမှောင်မှောင်"ဟု စပ်ဆိုထားသည်ကို ထောက်လျှက်

အဖြူရောင် မရော။ မှိုင်းမှောင်သော တောနှင့် တောင်ဟု ဆိုလိုသည်။ ဝေါဟာရတ္တ ပကာသနီ၌ လွှတ်တားဂုဏ် အထူးတင်သော သ,ခြင်းအရာ မျက်ကို ပြသည်ကို အဆိုရှိ၏။

## ၁၁။ မဲဇာသစ်တောမှရတနာသိဿ် ရွှေမြို့တော် ကို တမ်းတရတု။

## (၃၃ ပါဒစီအချီအချအညီဖွဲ့ဒ်စုံရတု)

၁။ မဲဇာတောင်ခြေ စီးထွေထွေတည့် မြစ်ရေဝန်း လည် မြိုင်တောစည်က ၁။ ရွှေပြည်ကိုသာ။ တရှာတော့မိ။ နိုးရှိရှိလျှင်။ သီရိကြက်သရေ။ တကျက်မြိုးပေသား။ အောင်မြေကြော့ကြော့ ကုန်းမော့မော့၌ ၂။ ဘိုးတော်ကောင်းမှု တည်ထားပြုတည်။ ဇမ္ဗူဆီမီး ခြောက်ရောင်ညီးမျှ။ ကျုကြီးသခင်၊ ရွှေလင်းပင်နှင့်၊ ရွှေခြသေ့မွေ။စ၍ရေသော်၊ရွှေစေတီကြီး။အသီးသီးတည့်။ ပိတ်ဆီးပြက်သန်း ၃။ လျှပ်ရောင်တန်းမျှ။ ရွှေနန်းရွှေဘုံ။ အလုံးစုံကို။ အာရုံမျက်မြင်။ဖူးမြော်ချင်၍။သည်တွင်ရွှေမြို့။သည်သို့စေတီ။ သည်ဆီးရွှေနန်း၊ ပြောင့်တန်းတော့မည် စိတ်ကရည်သည်။ ။ရွှေပြည်နှာန ဝေးသောကြောင့်။

အထူးမှတ်ချက်။ ..၁ မြိုင်တောသည်ကဟူ၍ရင်း၊ မြိုင်တောဆီကဟူ၍ရင်း မူကွဲများရှိသည်။
၂—ကုန်းမော့မော့နှင့် ဟူ၍ရင်း မူကွဲများ ရှိသည်။ ၃-ပိတ်ဆီးချယ်သန်း ဟူ၍ရင်း။

ဝိတ်ဆီး ပြက်သန်း ဟူ၍ရင်း မူကွဲများ ရှိသည် ဝိတ်ဆီးဟုရှိမှ သုဒ္ဓအနက်မှန်ဖြစ် သည်ဟု ယူဆကြဟန်တူသည်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**မြိုင်**= (ပေါရာဏ) တော။ ။ပင်ခြေရှင်းလျက်။သစ်ပင် မြိုင်ဆိုင်သော တောအုပ်ကို မြိုင်ဟုဆိုသည်။

**ရွှေပြည်**= မင်းနေပြည်တော်ကို ပြည်ဟုခေါ်သည်၊ မြို့နှင့်ပြည် အတူတူပင်။ ဘုရင်တပါး ပိုင်နယ် အလုံးကို "တိုင်း" ဟူ၍ရင်း ခေါ်သည်။

**မိုးရှိရှိ**= မိုးလောက်မျှရှိကား- ပမာဏ အနက်ဟော။

**သိရီ**= သိရီ(ပါဠိ) သိရီသည်- တင့်တယ်ခြင်း,ပြည့်စုံခြင်း နတ်သ္မီး ဟူသော အနက် ၃-ချက်ကို ဟော၏။ ဤ၌တင့်တယ်ခြင်း ပြည့်စုံခြင်းအနက် ၂ပါးကိုယူ။

**ကြက်သရေ**= သိရီ အနက်ပင် ဖြစ်သည် (သိရီတိပညာ ပုညာနံအဓိဝစနံ။ ။သိရီတိ။ သိရီဟူသည်ကား ပညာ ပုညာနံပညာ ပုညာတို့၏ အဓိဝစနံ။ အမည်ရင်းပေ တည်း-ဟု မူလ ဋီကာ ဆရာအဆိုရှိ၏။ ထိုအတိုင်းပင် သံဝရပျို့၌ 'ပညာ ပုည။ စုံလှသရေ။ သုံးလူ့ဆွေ လျှင်-ဟု စပ်ဆိုထားသည်။ ။

ရာဇဝင်စသည်တို့တွင်။ ကြက်မှတ် ရသော ဂုဏ် သရေကို ကြက်သရေဆိုသည်။လောကဝတ်ကြောင်း၌ တင့်တယ်ခြင်းမှုန်သမျှကို ကြက်သရေ ဆိုသည်။

**တက်ဖြိုးဝေသော**=တက်ဖြိုးဝေသော(သား-ကားသော ကိုပြောင်းထားသော စကားဖြစ်သည်။

**အောင်မြေကြေ့ကြေ့**= ရှုခင်း သာယာ ကြက်သရေ မင်္ဂလာရှိသော အောင်မြေ (ကြေ့ကို ကော့-ရော့ဟု ပုဒ်ဖြတ်)

**ကုန်းမော့မော့**= ရွှေဘိုမြို့တွင်စကြာအင်း၏အရှေ့ဘက် နှင့် မြောက်ဘက်မှာ။ ပုဆိုးခင်တန်း ခေါ်သော ကုန်းမော့မြေဂူ တခုရှိသည်။ ထိုကုန်းမြင့်၌ စေတီ အများ တည်ထားသည် ထိုနေရာကို ရည်ညွှန်း၍ ကုန်းမော့မော့ဟု စပ်ဆိုသည်။

**ဘိုးတော်ကောင်းမှု**= ဇမ္ဗူဆီမီး စေတီတော်သည် အလောင်းမင်းတရားကြီး၏ ခမည်းတော် မင်းညိုစံ တည်ထားခဲ့သော စေတီဖြစ်သည်။ ထိုစေတီကား မင်းညိုစံ၏ ကောင်းမှုဖြစ်သည်။

**ဇမ္ဗူဆီမီး**= ရွှေဘိုမြို့စျေး၏ အနောက်တောင်ဘက်တွင် ရှိလော ဇမ္ဗူဆီမီးဘုရား၊

**ဂူကြီးသခင်**= ရွှေဘိုမြို့စျေး၏ အနောက် တောင်ဘက် တွင်ရှိသော ရွှေဂူကြီးဘုရား၊

**ရွှေလင်းပင်**= ရွှေဘိုမြို့စျေး၏ အနောက် တောင်ဘက် တွင်ရှိသော ရွှေလင်းပင်ဘုရား။

**ရွှေခြင်္သေ့မွေ**= ရွှေဘိုမြို့စျေး၏ အနောက်တောင်ဘက် တွင်ရှိသော ရွှေခြင်္သေ့ဘုရားနှင့် မွေဘုရား။

**ရွှေစေတီ=** ရွှေဘိုမြို့ဈေးမှ မြောက်စူးစူးတွင် ရှိသော ရွှေစေတီဘုရား (ထို ရွှေစေတီကို မြို့တောင် စေတီ ဟူ၍ဎင်း၊ မော်ခေါမြင်သာဟူ၍ဎင်း ခေါ်သည်။)
**စိတ်ကရည်**=စိတ်ကရည်ရှယ်သည်။ စိတ်ကရည်စူးသည်။
**ဌာန**=နေရာ။

....o....

၂။ **သဲသာသောင်မြေ။**မြစ်ကမ်းခြေလည်း။အကြေ တပြင်။ တို့အောက်ခွင်ဝယ်။ ရေရှင် ပတ်ဝန်း။ ပျော်ဘွယ် ထွန်းလိမ့်။ တကျွန်းလောက်ပင်။ ဝေးမည်ထင်ခဲ့။ စီးသွင် ညိုရစ်။ မဲဇာ မြစ်လည်း * စေးပျစ်ခြုံဆီး။ ရွှံတန်စီးနှင့်။ တောကြီးဆိတ်ညံ့။ ဆီးကျုံကျုံဝယ်။ ဓူဝံမပေါ်။ (ရှီမှိုင်း သော်ကြောင့်။ မမျှော်ပါရ။ နေကို တလည်း။ ဘယ်က ရှေနောက်။ ဘယ်တောင်မြောက်ဟု။ တွေးထောက် မမှန်။ ဖြစ်ရဟန်ကို) ဖန်ဖန်အံ့သြ။ ကြံတိုင်းမောစွ။ ဘယ်တော ဘယ်မြိုင်။ မသိနိုင်ခဲ့။ မခိုင်စိတ်ဝမ်း။ နေ့တိုင်း လွမ်းရှင့်။ ကင်းစမ်းတောင်က။ လေဦးစ၍။ နောက်မှလေရှည်။ အ တည်တည်သည်။ ။လေပြည်လာက သောကြောင့်၊ ။

**အထူးမှတ်ချက်။** ။ထစ်ထစ်ထွန်းဘိ။ ချုံးအတိ နှင့်။တောကြီးဆိတ်ညံ့ဟု မူကွဲရှိ၏ (ရှီ မှိုင်းသော်ကြောင့် မမြော်ပါရနေကို တလည်း။ ဘယ်ကရှေ့နောက်၊ ဘယ် တောင် မြောက်ဟု တွေး ထောက် မမှန်၊ဖြစ်ရဟန်ကိုတွင်) မမြော်ပါရ။

နေကိုတလည်း။ ဘယ်ကရှေ့နောက်
ဘယ် တောင် မြောက် ဟု။ တွေး
ထောက်မြော်ယောင်။ ဘယ်တောင်
ဘယ်ကမ်း ဘယ်မြေလမ်းမှာ။ရှူးစမ်း
မမှန်) ဟူ၍ရင်း (မမျှော်ပါရ။နေတ
လည်း။ ဘယ်က ရှေ့နောက်။ ဘယ်
တောင် မြောက်ဟူ။ တွေးထောက်
မမှန်)ဟူ၍ရင်း ကွဲများရှိသည်။

**အကြေ**—(ပေါရာဏ) အောက်။

**စေးပျစ်**—(ပေါရာဏ)တောချုံ။

**တန့်စီး**—(ပေါရာဏ) ရှုံဓေး။ ရေညွန့်(နတ်ကွန်းတန်စီး ညွန့်ခရီးကို။မပြီးပါခင်။ ။ဆုတောင်းခန်း။)

**ဆီးကျံကျံ**— ဆီးနှင်းတို့ ကျမြည်သော အသံ။ ကျံကျံ မြည်သံ။)

**ရူဝံ**— (ပါဠိ) ခိုင်မြဲခြင်း။မရွေ့မရှားအမြဲ တည်နေသော ကြယ်ကိုဆိုသည်။ (သိကြားနေရာ ဝေဇယန္တာ နန်းပြသာဒ်ဖျားဌ်တတ်ထားသော စိန်ဖူးကိုဓူဝံ ခေါ်ရာ။ထိုစိန်ဖူးကိုပင် ဓူဝံခေါ်ကြဟန်တူသည်။ မြောက်မျက်နှာ အရပ်၌ မရွေ့မရှား တည်နေ သောကြယ်ကိုဓူဝံဟု အများပြောဆိုနေကြသော စကားလည်းရှိ၏။ အဃဋ်ကြယ်လည်း မြောက် မျက်နှာ အရပ်၌ မရွေ့မရှား တည်နေ၏။ ဆင် ခြင်လေ။

ကင်းစမ်း=ကင်းစမ်းအမည်ရှိသော တောင်။
လေပြေ=ညှင်းညှင်းသာသာ တိုက်ခတ်သောလေ။

၃။ ပွဲခါညောင်ရေ။ သွန်းမြဲပေတည့်။ရှိသေသဒ္ဒါ။ ထုံးစဉ်လာဖြင့်။ မဲဇာရပ်သူ။ တောင်းဆု ယူသည်။ ရွှေကူ တော်နှင့်။ ရှုတိုင်းတင့်သား၊ ဝေးမြင့်သီခေါင်၊ မဲဇာချောင်က။ တတောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းရှက်၍၊ ဝန်းကာဝှေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရာ ၊မိုးမပါပဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုး လောက် ပြင်း ထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင် တော် ဖျား က၊ ရထား ယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာ လွန်း၍၊ တည့် မွန်း ချိန် နေ၊ ရောက် လွယ် စေ ဟု၊ စေ့ရေ လှည့်လည်၊ တလျှတ်မြည်သည်။ ။နေခြည်ဖြာမှန္တွေးသောကြောင့်။ ။

## ခက်ဆစ်အဓိပ္ပါယ်များ။

ထုံးစဉ်လာ=ထုံးစံအစဉ်အလာ၊ ထုံးတုံးစံ။
ခေါင်= (ပေါရာဏ) ဝေးကွာသည်။ ခေါင် ဟူ သော စကားသည်အထွတ်အမြတ်ဟူသောအနက်၊အကဲ အလွန်ဟူသော အနက်၊ ရှားပါးသည် ဟူသော အနက်၊ရင့်မာသည်ဟူဘော အနက်များ၌လည်း ရသင့်၏။
ယုဂန်= (ပါဠိပျက်)ယုဂန္ဓိုရ်တောင်၊ (ယုဂန်ကား ယုဂန္ဓုရ ဟူသော ဖါဠိမှ ပျက်ယွင်းလာသော စကား

ဖြစ်သည် ယုဂ=ဓရ၊ ယုဂ– အစုံ ဓရ– ဆောင်
သည် နေလအစုံကိုရန်ထွက်ဆောင်သောတောင်။
ဓေ့ရေ– ဓေ့စပ်စွာရေတွက်ဆင်ခြင်သည်။

## ၁၂။ မဲဇာသစ်တောမှ ရတနာသိဿ ရွှေမြို့တော်ဝန်ကတော်နှင့် သားသမီးတို့အား တမ်းတရတု။

**၁။ ဝေရှန်းစန္ဒာ။ချမ်းရိပ်သာက။** မျက်နှာတူရူ တသည့်သူလျှင်၊ ဇမ္ဗူအောင်ခန်း။ပြည်ကြငှန်းသို့၊ ၂ ရောက် ပန်းကြီးအင်၊ နေမရှင်ခဲ့၊ လွင်လည်းတဆိုင်၊ မြိုင်လည်းတ တွေ၊ မြေလည်းတထူး၊ ဝေးခေါင်ကြူးသို့၊ ရောက်ဖူးမည် ထား၊ ရွှေညာဖျားဟု၊ ရွှေဖျားမဆွ ကြားရသည်သား၊ ဘယ် ရပ်မှာဟု၊ ခြင်းရာတစ၊ တတ်မသိခဲ့၊ ကျွန်း ကြီး ချက် ချာ တို့နေရာနှင့်၊ ဘာသာကွဲလှမ်း၊ မြိုင်တောဝှမ်းဝယ်။ အချမ်း မတူ၊ အပူမမျှ ကြုံဘိရရှင့်၊ သိဿအောင်မြေ၊ လယ်ချက်ဗွေ ဝယ်၊ နေလည်းတဆန်း၊ နန်းလည်းတခြား မတွေ့ပြားတည့်၊ ကိုးပါးနဝရတ်၊ ရွှေပြာသာဒ်နှင့်၊ မျက်မြတ်လျှ ရည်။ ထွန်း လှည့်လည်သည်။ ။နေခြည်=ထဲတွင်ပါလိမ့်မည်။

**မှတ်ချက်။ ၁–ချမ်းရိပ်သာသို့ဟု မူကွဲရှိ၏။**

### ခက်ဆစ်အဓိပ္ပါယ်

ရှန်း= ထွန်းတောက်သည်။
စန္ဒာ= (ပါဠိ) လ။
ချမ်းရိပ်သာ= ချမ်းမြသာယာသော နေရာ။

ဖြစ်သည် ယုဂ=ခရေ၊ ယုဂ– အစုံ ခရေ– ဆောင်
သည် နေလအစုံကိုရန်ထွက်ဆောင်သောတောင်။
ခေ့ရေ– စေ့စပ်စွာရေတွက်ဆင်ခြင်သည်။

## ၁၂။ မဲဇာသစ်တောမှ ရတနာသိင်္ဃ ရွှေမြို့တော် ဝန်ကတော်နှင့် သားသမီးတို့အား တမ်းတရတု။

**၁။ ဝေရွှန်းစန္ဒာ။ချမ်းရိပ်သာက။** မျက်နှာတူရူ
တသည့်သူလျှင်၊ ဇမ္ဗူအောင်ခန်း၊ပြည်ကြွင်နန်းသို့၊ ၂ ရောက်
ပန်းကြီးအင်၊ နေမရှင်ခဲ့၊ လွင်လည်းတဆိုင်၊ မြိုင်လည်းတ
တွေ၊ မြေလည်းတထူး၊ ဝေးခေါင်ကြူးသို့၊ ရောက်ဖူးမည်
ထား၊ ရွှေညာဖျားဟု၊ ရွှေဖျားမဆွ ကြားရသည်သား၊ ဘယ်
ရပ်မှာဟု၊ ခြင်းရာတစိ၊ တတ်မသိခဲ့၊ ကျွန်းကြီး ချက် ချာ
တို့နေရာနှင့်၊ ဘာသာကွဲလှမ်း၊ မြိုင်တောဝှမ်းဝယ်။ အချမ်း
မတူ၊ အပူမမျှ ကြုံဘိရရှင့်၊ သိင်္ဃအောင်မြေ၊ လယ်ချက်ဗွေ
ဝယ်၊ နေလည်းတဆန်း၊ နန်းလည်းတခြား မတွေ့ပြားတည့်၊
ကိုးပါးနဝရတ်၊ ရွှေပြာသာဒ်နှင့်၊ မျက်မြတ်လျှံရည်။ ထွန်း
လှည့်လည်သည်။ ။နေခြည်=ထဲတွင်ပါလိမ့်မည်။

**မှတ်ချက်။ ၁–ချမ်းရိပ်သာသို့ဟု မူကွဲရှိ၏။**

### ခက်ဆစ်အဓိပ္ပါယ်

**ရွှန်း**= ထွန်းတောက်သည်။
**စန္ဒာ**= (ပါဠိ) လ။
**ချမ်းရိပ်သာ**= ချမ်းမြသာယာသော နေရာ။

**တူရူ**=(ပေါရာဏ) တည့်တည့်။
**ကြ၄န်း**=အထွတ်အမြတ်။
**ရွှေညာဖျား**= အညာအရပ်၏ အဖျား အစွန်။ ရွှေကား
ကဏ္ဏသုခအလို့ငှါ သုံးထားသောစကားတည်း။
**မဆွ**=(ပေါရာဏ) ရှေးဦးရှေ့ဖျား။
**ခြင်းရာတစ**=အခြင်းအရာ အနည်းငယ်မျှ (တစ အနည်း
ငယ်)
**ဘာသာ**=အလေ့။
**နဝရ**= နဝရတနာ (ပါဠိ) နဝ-၉-ရတနာ။ ရတနာ။
ရတနာ ကိုးပါးကို ဆိုလိုသည်။
**ပြသာဒ်**=ပါသာဒ (ပါဠိ) ဤပြသာဒ်ကား အုပ်ဖြင့်ပြီး
သော မင်းတို့၏ စံရာတည်း။

၂။ **နေဝန်းဖန်ဝါ**။တိမ်စကြာလည်း၊ အာကာပိတ်စီး။ ကျွန်းလုံးညီးမျှ၊ ထိန်းမိုးလယ်၊ ဖြိုးဖြိုးကယ်၍၊ အံ့ဘွယ်ရှက်သန်း၊ ရှုခမန်းတည့်၊ ရွှေနန်းမှန်စီ၊ ရှိရာစီသို့၊ မြှောက်ချီဦးတင်၊ စက်ရာဝင်လည်း၊ ကြည်လင်ရှိခိုး၊ စက်ရာ နိုးလည်း၊ လက်မိုးလှည့်လည်၊ မြော်မိသည်ရှင့်၊ ရွှေပြည်တော်မှာ၊ခုချိန်ခါကို။ သူဇာသာစံ။ မိတ်နံမပြား။ ဝါတ်တံခါး၏။ ယွန်းစားရှေ့မှာ။ ပျော်ဘွယ်သာရှင့်။ သီတာပတ်ကုံး။ မြစ်နှင့် ကျုံးလည်း။ တလုံးတည်းရှေ။ စီးထွေထွေတည့်။ မိုးစွေမခေါင်။ လကျ်ာမြောင်လျက်။ နှုတ်ဆောင်ယူပို့။ လေ၏ သို့ လျှင်။ ရွှေမြို့ ရွှေပြည်။ ဝန်း ပတ် လည် သည်။ ။ရေကြည် သဲပြင် သာလိမ့်မည်။

## ခက်ဆစ်အ ဓိပ္ပါယ်။

**စက်ရာဝင်**=အိပ်ရာ ဝင်သည်။
**စက်ရာနိုး**=အိပ်ရာမှ နိုးသည်။
**သူဇာသာစံ**=အရှေ့မျက်နှာ၌ရှိသော တံခါးတို့၏အမည်။ ရွှေဘိုမြို့၌ မြို့ရိုးတံတိုင်း ၂ထပ် ရှိသည်။ သူဇာ တံခါးမှာ အတွင်းမြို့ရိုး သာစံ တံခါးမှာ အပြင် မြို့မှာရှိသည်။
**မိတ်နံ့မပြား**=မိတ်နံ့ မကွဲပြား, မိတ်နံ့ အတူတူပင် ဖြစ် သည်၊ (သူဇာလည်း သောကြာနှင့် အင်္ဂါနံ့-သာ စံလည်း သောကြာနံ့နှင့် အင်္ဂါနံ့-ဆွေသား ဟူ သောမိတ်ဘက်နံ့ချည်းဖြစ်ကြသည်ကိုဆိုလိုသည်။
**သီတာ**=(ပါဠိ)မြေသော ကျုံးရေ၏ ဂုဏ်ပြစကားတည်း (သီဒါ-ဟု ရှိလျှင်လည်း သင့်၏။ သီဒါ ဟု စာရှိလျှင် မြင့်မိုရ်တောင်ကို ခုနှစ်တန် ဝန်းရံနေသည့် သီဒါနှင့် တူ သည်ဟု အဓိပ္ပါယ်ယူရမည်။)
**ပတ်ကုံး**=ပတ်ဝန်းကျင်။
**ကျုံး**=မြို့ပတ်လည် တူးထားသော အရာ။ (ရေကျုံး, ညွန်ကျုံး,ချောက်ကျုံးဟုကျုံးသုံးမျိုးရှိသည်။ 'ရေညွန်' အခြောက်။ အစောက် ပြောကျယ်။ သုံးသွယ် ကျုံးမြောင်း။ မြစ်ငယ် လောင်းသို့" မဃဒေဝ·လင်္ကာသစ်။

၃။ **နွေကျွန်းသန်ကာ**။ ၁။ ခုချိန်ခါကို။ ကျောင်းသာ ရာမ်ခင်း။ စေတီတွင်းဝယ်။ သီတင်းအလှူ။ ရွှေပြည်သူတို့။

ဆုယူစည်းဝေး။ ဖြူဖြူဖွေးလိမ့်။ စက်မှေးခိုက်တွင်။ အိမ်မက်မြင်သို့။ မရှင်ရူတ ၂ လွမ်းလိုက်လှရှင့်။ ညွန်ပြကျိုးဆက်။ ဆယ်ကျော်သက်က။ ကြင်ဘက်အတူ။ တောင်းဆုယူသည်။။အိမ်သူချောသွယ်။ သုံးယောက်မယ်နှင့်။ ပင်လယ်ခြားရာ။ ခရီးကွာသို့။ မှာလည်းမကြား။ သွားလည်းမသင့်။ ဖြစ်သဖြင့်လျှင်။ ပူခွင့်ရှည်ရေး။ ရှိချေသေး၏။ ရင်သွေးရွှေတောင်။ သားမောင်နှမ။ ဆင်းသိင်္ဂတို့။ မွေးဘရင်ခွင်။ရွှေလက်တင်၍။ ယူငင်ပိုက်ဖြား ဖျော်မည်များနှင့်း။ နှစ်ပါးမျက်ခြည်။ သားနှင်းရည်သည်။ ။ရွှေလည်-- ဆွဲချင်ရှာလိမ့်မည်။ ။

မှုကွဲ ၁။ ခွေကျွန်းသံဝါဟူ၍ရင်း မှုကွဲရှိ၏။
၂။ မရှင်ယုယဟူ၍ရင်း မှုကွဲရှိ၏။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ခွေကျွန်း**=ခွေယွန်းသည် (ကျွန်းကိုက ယွန်း ဟုပုဒ်ဖြတ်)
**သန်**=မိုးဥတု ပရိယာယ် ဖြစ်သည် (ဝဿာ, ဝဿန္တ ဝသန်, သန်, ဝသန်ချိန်ကာ- တို့ကား မိုးဥတု ပရိယာယ်တို့တည်း)
**မရှင်ရူတ**= မရှင်မလမ်း တသမြည်တမ်းသည်။
**ကျိုးဆက်**= အကျိုးဆက်, အဆက်ပါလာသော အကျိုး။
**ရင်သွေးရွှေတောင်**= ရင်သွေးရွှေတောင်တို့ကား သားပရိယာယ်တည်း။

**သိင်္ဂ=** သိင်္ဂီဆိုလိုလျက် ကာရန်ကို ငဲ့၍ သိင်္ဂဟု ဆိုသည်။ နွားချိုဖျား သဏ္ဍာန် မြေပြင်မှ အလိုလိုပေါက် လာသောရွှေကောင်းတမျိုးကိုသိင်္ဂီရွှေသို့မဟုတ် သိင်္ဂနိုက်ရွှေခေါ်သည်။

**ပိုက်ဖြား=** ယုယချော့မော့သွေးဆောင်သည်။

**မျက်ခြည်=** အမျက် ကျောက်ကွင်း (ခြည် = အကွင်း၊ ပတ္တမြားတခြည်၊ ဆန်တပြည်ဟူသောစကားကိုရှု လက်ဝဲသုန္ဒရဦမောင်နှောင့်မောင်ရွှေသားဟူသော သားနှစ်ယောက်ရှိသည်။ နှစ်ပါးမျက်ခြည်၊ ထား နှင်းရည်သည်ဟု စပ်ဆို ခြင်းသည်။ သားနှစ် ယောက်ကိုရည်ညွှန်း၍ စပ်ဆိုခြင်းဖြစ်သည်။

## ၁၃။ မိုးဘွဲ့ရတု

၁။ **နတ်ပန်းဝေမြိုင်။** သဇင်လှူင်က၊ ဖြိုင်ဖြိုင်မကြဲ၊ စွတ်ရုံဖွဲ့၏၊ သွန်းမြဲကန်မှာ၊ ဆင်ရာတိမ်မိုး၊ ခေါ်ကြရိုးတည့်၊ မကြိုးမထစ်၊ မဟာစ်မဝင့်။ မရင့်မမြည်၊ ဆော်စည်မရွှမ်း၊ ရွှေစတန်းကို၊ *ဆင်လှုမ်းရာတိမ်၊ ခုတကြိမ်မူ၊ တောင်လိမ် မြောက်ကွေ့၊ မိုးသားရွှေ့လျက်၊ ညဥ့်နေ့ ကျော် ကြူး၊ ဝခုန်မြူးမှု၊ သန် ဦး လ တူ၊ မှိုင်းရင့်ရှူသည်၊ အ ပူ ရှာ မိုး ကျယ်တော့၏။

မူကွဲ ¨ ‾ ဆော်ကြရိုးသည်။
**ဆင်လမ်းရာတိမ်။**

၂။ **မြတ်နန်းရွှေလှိုင်။** ဘုံဦးကိုင်ဝယ်၊ စိုးပိုင်ရမွေ့၊ ရွှင်လန်းရွှေ့လျှင်၊ ငြိမ်းငွေ့စနိုး၊ အသစ်မိုးဟု၊ တန်ခိုးဘုန်းကို၊ သိစိမ့်ဆိုသို့၊ ပြုလိုသော်လည်း၊ ရှေးက နည်း လျှင်၊ တင့်ရည်ပျော်ပါ။ မကစားတည့်၊ နည်း မြား မ ရှာ၊ ရပ်သောခါမူ၊ အာကာမြင့်နိမ့်၊ ဘယ်ညာခြိမ့်လျက်။ လွမ်းစိတ်ထပ်သာ၊ ဆင်ယင်ပါ၍၊ အဝါအနီ၊ ချယ်စီမပြွမ်း၊ မိုးတခြမ်းက၊ တိမ်ငြမ်းစိုက်ထူ၊ ပြတော်မူသည့်၊ မဖြူပြာသိုးသွယ်တော့၏။

၃။ **ပတ်သန်းစွေအိုင်။** တဖြိုင်ဖြိုင်လျှပ်၊ ရှာနိုင်လေခြင်း၊ ငယ်ကရင်း၍၊ သက်နှင်းအတူ၊ တောင့်တသူနှင့်အတူမကွာ၊ စုံပါစေဦး၊ နှစ်မကျူးလည်း၊ နှစ်ကူးရုံမျှ၊ လင့်ကောင်းစွာတည့်၊ မိုးကရင့်ရှူ၊ သူကတကွေ့၊ သို့စင်မွေ့သော်ပျောက်ပြေပါအောင်၊ ကြံရေးဆောင်လျက်၊ တ စောင်းတစည်း၊ ပန်းလည်းတစုံ၊ စည်းခုံတဆူ၊ ရွှေဂူနံသင့်၊ ဘုန်းတော်နှင့်ကို၊ ရက်မြင့်မရည်၊ စုံတော့မည်ဟု။ ညွတ်ကြည်ဆုယူ၊ တောင်းမှတ်မူသည်၊ တဆူသာ ကိုးကွယ်တော့၏။

## ခက်ဆစ်အဓိပ္ပါယ်များ။

**သန်ဦးလ**= မိုးဥတုတွင် အဦးဆုံးလ။
**မပြွမ်း**= မရောနှောမရောမရှက်(ပြွမ်းရောသည်။)
**ကျူး**= လွန်သည် ကဲသည် တိုးပွားသည်။
**လင့်**= စောင့်ဆိုင်းသည် ဆိုင်ငံ့သည်။

....o....

## ၁၄။ မယ်ဘွဲ့ရတု

**၁။ ဝေမှောင်မင်းလွှင်။** မှိုင်းမှိုင်းဆင်လျက်၊ ဝါဝင်ချမ်းမြေ့၊ ကြုံသည့်နေ့ဝယ်၊ အရွှေ **ပြုဗ္ဗာ**၊ ဆီကသာလျှင် ချစ်ရာကြင်ဘော်၊ သွေးဆောင်ခေါ်သို့၊ စွယ်တော်ဘုန်းဝေ မြတ်သော မွေ့ကို၊ ညောင်ရေသွန်းလှူ၊ တင်ရောက် သူ ကြောင့်၊ သည်းအူခွေရစ်၊ တားမြစ်မနိုင်၊ မခိုင်ကဲ့ပြို၊ ယွင်း ယိုသတိ၊ မျှော်မိတုံတုံ၊ တစုံမက်မက်၊ ဆထက်ဆယ်ပြန်၊ ရှိရဟန်ကို၊ **ဝေယံဘုံဖျား**၊ စံလွှတ်ထားသည်။ ။သိကြား မျှော်ကြည့်ပါစေသော်။

**၂။ နေရောင်လင်းစင်** ဝင်းဝင်းထင်လျက်၊ ကောင်း ကင်တခို၊ နီလာကိုယ်နှင့်၊ မညိုမှိုင်းပြာ၊ သို့သောခါဝယ်၊ ဂန္ဓာပျံ့ကြိုင်၊ ဇေလှိုင်သား၊ နှင်းခိုင်မာလာ၊ ထုံမျိုးပါနှင့်၊ ကေသာမြတ်ကုံး၊ သီသီရုံးလျက်၊ မပြုံးဘဲကို၊ ရယ်သလိုဟု မှတ်ဆိုဝိုးဝါး၊ ထိုင်မိမှားခဲ့၊ စံထားဘက်ကွာ၊ မိုး သူဇာ လည်း၊ မသာတန်လေ၊ ဣန္ဒြေနှင့်၊ မူနေတည်ကြား၊ ကြင် ဘွယ်များသည်၊ အသားလျှော်မှည့် ဝါရွှေသောဝ်။

**၃။ ရွှေညောင်ရင်းတွင်။** ပျူငှါဆင်၍၊ ရေစင်အတူ သွန်းမည့်သူဟု၊ မူယာပြုံးပြင်၊ ရိုးရိုပ်ထင်လျက်၊ မြင် လည်း မြင်ရုံ၊ ကြုံလည်ကြုံသစ်၊ တွေ့ဦးဖြစ်၍၊ သနစ်သနာ၊ လျှောက် ဘွယ်သာကို၊ ခါခါဖန်ဖန်၊ မေ့ကျန်သတိ၊ မလျှောက်မိခဲ့၊ မဏိဂူဟာ၊ လိုဏ်နန်းမှာလျှင်၊ ရိုးညွှာပွင့်တန်၊ ဆန်းကြယ် ရံသို့၊ တင့်စံရွှေရောင်၊ လှတန်ဆောင်ကို၊ ရှောက်အောင်

အခွင့်၊ နားတော်သင့်လိမ့်၊ အ ဆင့် ဆင့် ပွား။ ။ကြံ စိတ် ပြားသည်။ ။စကားဖျော်ဖြည့်ကြာချေသောဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ပြဿ-ပြဿ**=ရွှေ့ရပ်မျက်နှာ၊ ပြုဿဝိဒေဟာ-အရှေ့ကျွန်း။

**ဝေယန်ဘုံများ**= ဝေဇယန္တာ ဘုံဖျား။ ဝေ ဇ ယန် ဟု ဆိုမည့်အစား ဝေယန်ဟု ဆိုထားသည်။

**ဣန္ဒြေ**=ဣန္ဒြိယ(ပါဠိ)အကြီးအကဲ ဖြစ်ကြောင်း ဖြစ်သော တရား။

**မဏိဂူဟာ**= မဏိဂူဟာ(ပါဠိ )မဏိ=မြ။ ဂူဟာ=ဂူ။ မြဂူ ဟုဆိုလိုသည်။

**စံရွှေ**= ဆယ်မူးပြည့် စံတင်လောက်သော ရွှေကောင်း။

## ၁၅။ သာလိကာစရေတု-မောင်ဘွဲ့။

၁။ **နက်လေးလီမှာ**။သာလိကာတို့နေရာဝေးခေါင်၊ ပန်းမိုးတောင်က၊ ကံဆောင်နတ်ပေး၊ ငယ် က မွေး သည် မျက်သွေးမှန်မုံ လှမျိုးစုံ....။ ရွှေစုံပွင့်ခိုင်၊ ထုံ ပေါင်း ကြိုင်၊ သို့မယ်ဆိုင်သည့်သူ၊ သက် ရှယ် တူ နှင့်၊ ငယ် မူ မ ပျက် ကြင်ပါလျက်ကို၊ ဆင့်သဏ်ခါကွေ၊ ကုန်ခန်းစေဟု၊ ကြာ လေသည်ဖြစ်၊ မြော်တွေးစစ်မူ၊ သည်နှစ် ဝဿန်၊ ကျူး ရှောက်ဟန်နှင့်၊ ကတန်ဆင့်ပွား၊ မစေအားလည်း၊ စကား

ဖြေ့ဖြေ။ကြားသင့်လေဟု။ ညွတ်ခွေမှီအုံး။ ရရှင်ပြုံးသည်
နှလုံးစိတ်ဆာဝေသောကြောင့်။

၂။ **ဆက်ရေးကြိမ်ခါ**။ ဆက်စရာမှူ၊ ဗွေ ရှာ ကြိမ်
မောက်ဆင့်ကာလျှောက်လိမ့်၊လေအောက်,လေညာ၊ပင်လယ်
မှာလျှင်၊ နိုလာပိတ်ဖုံး။ မြှော်မဆုံးအောင်။ မြစ်လုံးတောက်
တိန့်၊ ရေတက်ချိန်ကို၊ နေရှိန်မပွင့်။ တိမ်ခိုးလွှင့်၍၊လနှင့်အာ
သင်္ဃ။ နီးမည့်ဟန်လျှင်။ ရုံဖန်ဝိုက်ဝဲ။ ဂိမှာဘဲဟု။ သင်း တွဲ
ရောင်နွယ်မိုးဝန်းဆွယ်လျက်၊ စံပယ်ကြိုင်မွှေး၊ လှိုင်ပျံ့သေး
ရှင့်။ လွမ်းရေးကြိုက်ကြုံ၊ ခုလာပုံသော်၊ လက်စုံချီးမိုး။ အ
စဉ်ကိုးသား။ ဆင်ကြိုးတဆူ။ မြတ်ရွှေဂူဝယ်။ မဉ္ဇူညွန့်ရှင်၊
ပန်းရွှေစင်နှင့်၊ ဆက်တင်ယူကျုံး။ **ဓိဌာန်**၊သုံးသည်၊ တကုံး
မြိုတ်လွှာခွေသောကြောင့်။

၃။ **မျက်သွေးတိမ်ပြာ**။ မှောင်တကာကို။ ပယ်ခွါ
ဝေးလွင့်၊ထောင်မွန်းတင့်သို့၊ နိူင်းသင့်မတန့်၊ ရွှေဘုန်းဘန်၍၊
ဗိမာန် သာတွတ်၊ ဖြူဖြူ ညွတ်သည်။ ရွှေလွှတ်တော်မှာ၊
ခယမ်းရာဝယ်၊ဆက်စာတခွေ၊ ပို့လျှောက်ချေလော့၊ ခါနွေ
မကျူး၊ မင်းလွင်မြူးသား၊ တန်ခူးကဆုန်၊ မာသကုန်လျှင်၊
နယုန်လိုလို၊ တိမ်သားညို၍၊ ဝါဆိုချိန်သင့်၊ လဝန်းမြင့်ခဲ့
မယ်နှင့်သူကို၊ ဝေးစေဆိုသို့၊ တောင်ညိုမဆီး၊ ခရီး မကွာ
သီဒါမခြား၊ ခေါ်သံကြားလျက်၊ နတ်များပိတ်ပင်၊ တား
သောသွင်လျှင်၊ သို့စင်ပူပန်၊ ရှိရဟန်တို့၊ မကျန်ပေါင်းရုံး
လျှောက်စာကုန်းသည်။ မဖုံးပိတ်သာ ပေ သော ကြောင့်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**စိတ်ဆာ**=စိတ် မစွမ်းမသန် ညှိုးနွမ်း ပန်းရိခြင်း (မွတ်ဆာသည် ဟူသော ဝေါဟာရဖြစ်သည်။ ရင်ဆာသည်ဟူ၍လည်း ဆိုနိုင်သည်။)

**ဝိဉ္စာန်**= အဝိဥ္စာန် (ပါဠိ) ဆောက်တည်ခြင်း၊ (စိတ်၌ယှဉ်ခြင်း ထားခြင်းကို ဆောက်တည်ဆိုသည်။)

**တကာ**=(ပေါ်ရာဏ) အများ။

**ဖြူးဖြူး**=ဖြောင့်ဖြောင့်။

### ၁၆။ ကျေးစေရတု မောင်ဘွဲ့။

**၁။ စိုးမင်းနေရာ။** သင့်ရုံတွာသား၊ အာကာတရိုး၊ ကောင်းကင်မိုးဝယ်၊ တန်ခိုး ပြင်းဇွန်။ နေက ဝန်း လျှင်။ ပြည့်နှင့်ကြံတွေး၊ အိမ်မက်ပေး၍၊ စာရေးစကျဉ်၊ တောင်တစဉ်တွင်၊ တိမ်ယဉ်ဆီမှ၊ ဆင်းလှာရသည်၊ သူ့ဝ ရန်ဓအောင်၊ ကျော့တန်ဆောင် ညိုရှောင်စိမ့်စိမ့် လှလေးငြိမ့်မူ၊ မျှော်လိမ့်လေရာ၊ သို့ကိုသာလျှင်၊ မျက်ဝါရှိန်ငွေ့၊ သူ့မလေ့ နှင့်၊ ယနေ့စာခွေ၊ ရောက်လှာချေ၏။ ခါနွေ ကျူး ကျော်၊ မိုးညွန့်ပေါ်တွင်၊ မပျော်စတောင်း ပျော်ဘို့ကောင်းသည်။ ။လေကြောင်း ပျံ့ခွင့်သာပြီသောဝ်။

**၂။ ဝိုးဝင်းရွှေဝါ။** မိးလျှံပါသို့၊ တောက်ဖြာရံသည်၊ ရောင်လေးမည်နှင့်၊ နတ်စည်ဗဟိုရ်၊ တီးလျှောက် ဆိုသား၊ မြင်းမိုရ်ယုဂန်၊ နေဗိမာန်လျှင်၊ သိန်ကန်ကသာ၊ ရှင်းရှင်း ခွါ၍၊ ထွန်းဝါတန်ဆောင်၊ ဝင်းဝင်းပြောင်သော်၊ နှင်းရောင်မလွတ်၊ သီတင်းကျွတ်အောင်၊ ရွှေလွတ်တော်ဝယ်၊ ကြာမော

ဘွယ်ကို၊ ဆွေး မယ် တွေး မိ၊ သည့်နှယ်သိက၊ ပျောင်းအိ ညွတ်ခွေ၊ ရှိပလေလိမ့်၊ တွက်ရေပေါင်းစု၊ မိုးရတုဟု၊ ယခု အခါ၊ မိုးသြဘာဖြင့်၊ သံဝါညောင်းညောင်း၊ ညွတ်ညွတ် ပျောင်းသည်။ ။ရွှေမောင်းသံဆင့် နာရီသောဝ်။

**၃။ မိုးတွင်းလေသာ။** ငြိမ့်လှာသော်၊ မြင့်ကြာလေ ရိုး၊ ခွေးနှင့်မိုးကို၊ ရက်ကိုးဆယ်မိ၊ နိုးခဲ့ပြီတည့်၊နဒီရေဆန်၊ ကမ်းပြည့်ရန်နှင့်။ ပန်းမန်တွေထူး၊ ပွင့်ချိန်ကျူးလျက်။ မဖူး ရောက်လှာ။ သို့စင်ကြာဟု။ မျက်ပါဟန်နှင့်။ သူ့အကျင့်ကို။ ထောက်ချင့်တွေးခေါ်။ ကြံပါသော်လည်း။ မမြော်မြင်တတ် စိတ်စွဲမှတ်ခဲ့။ မျိုးမြတ်သက်ဝေ။ နှလုံး ပြေအောင်။ ထုံနွေ သင်းကြိုင်။ ပန်းလက်ကိုင်၍။ ရွှေလိုဏ်မုခ်ဝင်။ စွယ်တော် ရှင်ဝယ်။ တိုင်ပင် ပြောဘော်။ မပါသော်လည်း။ ပူဇော်သံ ညောင်း။ ဆု ယူ တောင်း သည်။ ။မွေပေါင်းလျှံ ပွင့်ဝါ နီသောဝ်။ ။

## ခက်ဆစ် အဓိပ္ပါယ်များ။

**မြင်းမှန်**=အလွန် လွမ်းမိုးသည်။

**သျှုဝ**=သုဝ (ပါဠိ) ကျေး ကျက်တူရွေး။

**ဓလေ့**=သဘော အလေ့ အလာ (ဓလေ့ကား-ပါဠိနှင့် မြန်မာရောစပ်ထားသော ကပြားစကားမျိုးဖြစ် သည်။ ဓမ္မ-အလေ့-ဓလေ့။ တနည်း ဓမ္မတာ အလေ့ ဓလေ့ ဖြစ်လာသည်။)

**မိုးရတု**= မိုးဥတု။ သက္ကတဘာသာ ရိတုမှ ရတု ဖြစ်လာ သည်။

မြင့်ကြာလေနီး= ကြာမြင့်လိမ့်မည်ထင်မှတ်၍။ (နီးထင်မှတ်ခြင်း။)

## ၁၇။ ကျေးစေးရတု မောင်ဘွဲ့။

**၁။ လေညှင်းလေသာ**။ လဲလှယ်လာသား။ တွက်ချာနဂိုရ်၊ မြိုင်ညိုညိုနှင့်။ မြင်းမိုရ်ယိုးမှား။ ဟော၀န်နား၀ယ်။ ပျော်ပါးသာစံ။ မျိုးဆွေထံက။ ဘုံပျံယဉ်စီး။ နတ်သွီးတို့ ကောင်းချီးဆုယူ။ ပေးတော်မူ၍။ မွေးမြူချီမြင့်။ ပျော်စထင့် သည်။ မြပွင့်အရောင်။ ကျေးရွှေတောင်....။ ဆင်ပြောင် မုန်းပြင်း။ စွယ်ဝင်းဝင်းနှင့်။ ဂြိုဟ်မင်းရောက်ရာ။ တောင် မျက်နှာဝယ်။ ဆင်းဝါရွှေလှော်။ အလှကျော်သည်။ ကြင် ဘော်ငြိမ့်လေး။ ညီမထွေးလျှင်။ လွမ်းရေးပုံယင်။ သိုးမရှင်ဟု။ ကြောင်းအင်တတွေ။ ရောက်သည်ခွေကို၊ ဖျော်ဖြေခြင်းရာ။ လျှောက်ချေပါလော့။ တောင်မှာလေ သွင်း။ နေမပြင်းသည်။ ။မိုးတွင်းနွေရက် ချိန်ခါသော၀်။

**၂။ မြေသင်းမြေလွှာ**။ ပေါ်စိမ့်ငှါလျှင်။ ဒေ၀ါ ပဇ္ဇုန်။ကမြူးခုန်လျက်။ကဆုန်မည်ပေး။ မရောက်သေးတည့်။ နွေလေးလချိန်၊ ရာသီမိန်က၊ စက်ရှိန်နတ်ဂြိုဟ်၊ ပြောင်းလိုလို နှင့်။ တိမ်ညိုဝန်းရှက်။ တခူးရက်တွင်။ ရွှေစက်တော်ချီ ရေဂမ္ဘီနှင့်။ နဒီမြစ်နှယ်။ သာဆန်းကြွယ်သည်။ ပျော်ဘွယ် မစဲ၊ ကန်တော့ပွဲဝယ်။ ဝမ်းကွဲပူပင်။ ထွေနှောင် မြင်လျှင်။ သို့စင်လောင်ဆာ။ ရှိခြင်းရာကို။ ခွေစာပျောင်းပျ။ ကြားပြန် ရသည်။ အစ်မဖြာဖြူရွှေမြို့သူတို့၊ တရုမပြေ။ လွမ်းမိုးစွေခဲ့

သက်ဝေသမျှ၊ ကွဲသည့်လမူ၊ မာသရာသီ၊ မိ သာ ဆီ သို့၊ ရောင်နီလင်းလင်း၊ လျှံ ပ ဝင်း သည်။ ။စိုး မင်း နေ စက် ရှိန်ဝ *ါသောဝ်*။

၃။ **နွေကြွင်းနွေခါ**။ ဉသန်ဝါတွင်၊ မကွာတူပင်၊ ပေါင်းမိကျင်၍၊ မျက်ဝင်ရွှေခဲ၊ အလျှံစွဲသား၊ ပုလဲရောင် ထင်၊ ဘုံလူ့ခွင်ဝယ်၊ ပျော်ရွှင်စလောက်၊ ရည့်တူပေါက် သည်၊ သုံးယောက်ကြည်ယုံ။ ညီမစုံတွင်၊ ရွှေမှုံလျှံပြေး၊ ကြော့ရည် သွေးနှင့်၊ နှောင်းထွေး သက်ဝေ၊ ဆက် မြူ တေကို၊ ပြန်ပြေချိုလျက်၊ နေ့ပေါင်းဆက်ခဲ့၊ ရွှေစက်ချရာ မိဗိလာဝယ်။ ထွေရာသနစ်၊ သာသည်ဖြစ်ကို၊ စိ စစ် ဆင် ခြင်၊ ရေးရေးထင်လျက်၊ ထွတ် တင် **ဇိနေ္ဒ**၊ တန် ခိုး တော်နှင့်၊ အကျော်ရွှေကူ၊ မြတ်လေးဆူတွင် ဝေပူမျက်ရှင်၊ ရွှေထီးတင်သည်၊ ရွှေယင်ခြွော်ဓါတ်၊ မွေတော်မြတ်ဝယ်၊ သုံး ပတ် လကျာ၊ လှည့်စကာနှင့်၊ ပန်း ဝါ လက် ကိုင်၊ သုံးယောက်ဆိုင်လျက်၊ ကိုယ်တိုင်တူကွ၊ မဖူးရ၍၊ ဌာန အကျော်၊ ရွှေပြည်တော်၌၊ ပူဇော်သကာ၊ တောင်းလျှောက် ရကား၊ မြတ်စွာသခင်၊ ရွှေလင်းပင်ဟု၊ ထွက်တင်မှန်ကင်း၊ ခြောက်ရောင် လင်းသည်။ ။ဝိုးဝင်း ရွှေမျက်သိင်္ဂါသောဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ပုံယင်**= (ပေါရာဏ)အများ။
**မိသာ**= (ပါဠိ)တာ္ကူးလ–မိဿရာသီကိုဆိုသည်။
**ဇိနေ္ဒ**=ဇိန(ပါဠိ)ငါးမာရ်အောင်မြင် ဘုရားရှင်၊
**ဝေပူ**= ဝေပုလ္လ(ပါဠိ) ဝေပုလ္လတောင်ကိုဆိုသည်။

## ၁၈။ ကျေးစေရတု မောင်ဘွဲ့။

**၁။ ငွေပွင့်ထိန်ပြာ။** ဝတိန်သာနှိုက်၊ သမ္ဘာ မြူတော၊ တန်ခိုးဝေသည်၊ အနေကဝဏ်၊ အိမ်မက် ညွှန်၍၊ မင်းခွန်သီဒါ၊ သလ္လာတစင်း၊ ချင်းတွင်းလှေဆန်၊ တောင်လေပြန်နှင့်၊ ဂိမာန် နွေ လ၊ ယင်းတ္တင် ရသည်၊ သူဝရွှေတောင်၊ ကျေးလှမောင်.... နှင်းရောင် စိုစို၊ တိမ်သားပြို၍၊ ပြာညို စိမ့်စိမ့်၊ ယို လိမ့် လိမ့် နှင့်၊ မိုးနိမ့် ရာသီ၊ မြို့ ကမ်း နီ သို့၊ ရစ် သီ ကုန်း မြှောင်၊ ပန်းလက်ဆောင်နှင့်၊ ရောက်အောင် စာခွေ၊ ဆက် ပို့ ချေ လော့၊ သက်ဝေရွှယ်တူ၊ ဆင်းပြာ ဖြူကို၊ မဥ္ဇူ ပွင့်လန်း၊ ညှိုး မ မြန်း သို့၊ အဆန်းတကြွယ်၊ လှမျိုးကြွယ်သည်။ ။ချစ်ဘွယ်ဂီဝ ါ၊ ရွှေသွေးကိုင်။

**၂။ နေနှင့်ရှိန်ဝါ။** ဝေးသောခါလျှင်၊ တရာချပ်ရုံ၊ ရွှေပဒုံ့သည်၊ ပွင့်ပုံဆက်သွယ်၊ ညှိုးသောနှယ်သို့၊ ခန်းလယ်ရဝေ၊ ပျောင်းညွတ်ခွေ၍။ လေလည်းမငြိမ်။ တိမ်လည်း မမှန်၊ သို့ဖြစ်ဟန်တွင်။ ယ မန် ခါ တွင်း။ ရာသီ သွင်း၍။ ဆီးနှင်းတခါ။အတာနှစ်ပြန်၊ သကြိန်ကျူးကျော်။ရွှေပြည် တော်ဝယ်။ ရှင်ပျော်လေရ။ ကြာ မော စွ ဟု။ ထိန်းယ ကိုစီ။ ပေါင်းစုံညီနှင့်။ ကမ်းနီ မြို့နေ။ မျှော်နှင့် ပေလိမ့်။ မျှဝေတသက်။ တနေ့ရက်မျှ။ ပါဒ်ဝက်နာရီ။ မခြားပြီတည့်။ ကုံးသီ ရစ် ချယ်။ ချစ် ပန်း နွယ် သည်။ ။နှစ်သွယ် နီလာ ရေကြိုဝ်။

**၃။ နွေသင့်ချိန်ခါ။** နတ်တန်ဆာသို့။ပွင့်ဝါမွှေးကြိုင်

စကားခိုင်ကို။ ရှက်ပြုံင်နှစ်သွယ်။ ပွင့်ချင်းနွယ်၍။ ပျံ့ကြွယ် လှိုင်ကြူ။ ထားသောတူဟု။ မြင်သူတင့်တယ်။ ချီး မွမ်း ဘွယ်ဖြင့်။ စံပယ်ခွေရစ်။ ပျော်မြဲဖြစ်လျက်။ သည်နှစ်နွယ်ပင်။ ဝေးရပ်ခွင်ဝယ်။ ကြာတင်ရက်လှ။ မကွဲရတည့်။ သ ကြား အောင်မြေ၊ နယ်တွင်းနေမျ။ ထွန်းဝေထိန်ပြောင်။ ရွှေတန် ဆောင်သို့။ ရွှေဘောင်လှည့်ရာ။ ဌာပနာ၍။ မဟာသင်းကျစ် ရပ်သစ်သခင်။ ရှင်ပင်တဆူ။ မြင်းဖြူညီနောင်။ အဆောင် ဆောင်နှင့်။ သာခေါင်မှိုင်းမို့။ တိမ်ပန်းဆို့လျက်။ မယ်တို့ နေရာ။ ချင်းတွင်းညာနိုက်။ ရှုသာတင့်တယ်။ ပျော် ပါး ဘွယ်သည်။ ။မြစ်ငယ်သီဒါ ရေဝေးကိုဝ်။

....o....

## ခက်ဆစ်အဓိပ္ပါယ်များ။

**သမ္ဘာ=** သမ္ဘာရ(ပါဠိ)ကုသိုလ်ကံအဆောက်အဦး။

**ဂီဝါ=** (ပါဠိ)ရွှေ။

**ရဓေ=** (ပေါရာဏ) နန်းအိမ်တိုက်ခမ်း။

**သကြြန်=** သကြန္တ (သကတ) သင်္ကန္တ(ပါဠိ) ပြောင်းရွှေ့ခြင်း။ သွားခြင်း (ဘုရင်ကေရှာဇ် မင်းမြတ်တို့ ဦးဆေး မင်္ဂလာ ပြုသည်ကိုလည်း သကြန်ဆိုသည်။ တပေါင်းဟူသော မိန်ရာသီမှ တကူး ဖြစ်သော မိသာရာသီသို့ ကူး ပြောင်း သည်ကိုလည်း မဟာသကြြန်ခေါ်သည်။ အခါ အားလျော်စွာယူလေ။

**သစ်ကျစ်**=နဖူးစည်း။သင်းကျပ်ဟူ၍လည်း ခေါ်သည်။

## ၁၉။ ကျေးစေရတု မယ်ဘွဲ့။

၁။ **ဟစ်ကြွေးရှင်မျှော်**=ငှက်ပေါင်းကျော်သည်။ ကန်တော်ထူးသစ်။ စီးမြစ် ရေဝင်။ သောင်ပြင် နတ်ကျွန်း။ ပြောင်ပန်းတခို။ မြိုင်တောညိုတွင်။ ကုသိုလ်ကံမ။ မွေးဘို့ ရသည်။ သိင်္ဂလျှံဝေ။ ကျေးမြို့တော....။ တိမ်ခြေ ဖုံးအုပ်။ သာခေါင်ချုပ်သည်။ ရွှေလုပ်မြို့နယ်။ မြစ်လေး သွယ်နှင့်။ ရွှေလယ်ကျွန်းမှာ။ မိုးသူဇာကို။ ချီသာခယ။ လျှောက်သမျှ သည်။ လျှောက်စမပြေ။ ရှိရစ်လေ၍။ ပျံချေရောက်အောင်။ ကျေး များ ဘောင် တွင်။ ညို ရောင် မွမ်း မံ။ ကိုယ်လုံးလျှံ လည်း။ ဘောင်ပံလည်ရေး။ ညွန့်ညွန့်ကွေးသည်။ ။ပျက် သွေးဇဝါ ရွှေပွင့်လော့။

၂။ **မြစ်တွေးစင်ရော်**။ သောင်းသောင်းပျော်သား၊ သောင်ပေါ် ရေဝန်း၊ မြစ်ကျွန်းသဲခုံ၊ ခရီးကြုံတွင်၊ ပဒုံကြာ ညို၊ ပွင့်စေသူလျှင်၊ ပင်ကိုညက်စင်၊ ချောပြာလွှင်ကို၊ ကျွမ်း ကျင်မသိ၊ မြင်လိုက်မိ၍၊ **သတိမတည်**၊ ရှိချေသည်နှင့်၊ ဖြေ ဆည်မျက်မြင်၊ လျှောက်ပါလျှင်လည်း။ နေဝင် နီးအောင်၊ စီးတော်တောင်သည်၊ ရွှေရောင် ရေးရေး၊ မဆိုက်သေး၍၊ မှတ်မွေးပြာညို၊ သူ့စိတ်ကိုလျှင်၊ လိုလိုပျောင်းပျ၊ ကြံတွေး သလျှက်၊ ရု–တမပြေ၊ ဝေးနှင့်ချေပု၊ လျှောက် လေ ညီ ထွေး၊ မောင်ရွှေကျေးသည်၊ ရက်မဝေး မကြာစေနှင့်လော့။

၃။ **ချစ်ရေးမြင်မြော်။** ဘုန်းကံပေါ်၍၊နောက်တော်
လိုက်ရော၊ မြစ်ကျွန်းသာထက်၊ နီလာ ကျောက်လွှတ်၊ ရွှေ
ရည်ဆွတ်သို့၊ ထွားမွတ်တို့ကို၊ ရွှေနားချီအောင်၊ လျှောက်
ဆိုသမျှ၊ ရှေးလစက၊ ပေါ်ပြမကျန်၊ အကုန်ပြန်မှ၊ နက်ဖန်
သဘက်၊ လေးငါးရက်ကို၊ မန်း စက် တော် ရာ၊ ထံသော
ခါလျှင်၊ ခြောက်ရွာကြီးတောင်၊ ကျွန်း ရိပ် သောင် တွင်၊
ညီနောင်မြော်မှု၊ တွေ့အောင် ပြု လည်း၊ ဘယ်သူ့ **တမန်**။
ဘယ်မြို့ပြန်ဟု၊ ဟန်ပန်မူလ၊ မသိကြအောင်၊ မြစ်ဝမှိုင်ခြေ၊
ငှက်တတွေကို၊ ရှာဖွေစည်းဝေး၊ တို့ ဆက် ပေး သည်။ ။
ရှက်တွေးအသာနေလင့်လော့။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ခယ**=ရိုသေစွာ ဝတ် တွား ခစား သည်။ လေးမြတ်စွာ ဆည်းကပ်သည်။

**မွမ်းမံ**=ချယ်လယ်သည်။

**မြစ်တွေး**=မြစ်တွေးငှက်။

**စင်ရော်**=စင်ရော်ငှက်။

**တမန်**=တစုံတခုသော အကြောင်းကို ပြောကြားရန် စေခိုင်းအပ်သူ။

....o....

## ၂၀။ ဘုန်းတော်ဘွဲ့ရတု။

**၁။ ပွင့်ဝန်းသာဖျော်။** မိုးညွန့်ပေါ်ဝယ်၊ ရှုမြော် ဘွယ်ကျင်၊ဦးလက်တင်၍၊ ဖူးမြင်စရာ၊ လသော်တာလျှင်၊သာ ယာငြိမ့်အောင်၊ တင့်တယ်ဆောင်သို့၊ မြတ်ခေါင်ထွတ်ထား တို့ဘုရားဝယ် သီကြား နတ်ရှင်၊ ဆက်သတင်၍၊ ဝါဝင်မိုး ကြွင်း၊ ဆောင်းတွင်းခါနွေ၊ တွေတွေပွင့်လန်း၊ လသစ်ဆန်း သော်၊ ရွှေနန်းတော်ထဲ ဆင်ဖြူပွဲလျှစ် မစဲနိုင်ပြီ၊ ဇမ္ဗူဒီပ မြနီလာညို၊ စ၍ဆိုမူ၊ ထိုထိုဝန်းရံ၊ ဘုံနန်းစံတို့၊ စေသံ လျှောက်စာ၊ ဆက်ပဏ္ဏာ ဖြင့်၊ ရောက်လှာ ထူး ဆန်း။ ဘုန်းတော်ပန်းသည်။ ။ရှက်သန်းနေဖန်ဝါဘုရား။

**၂။ ဆင့်ညွန်းရာ** ...**ော်**။ နတ်ပေါင်းဘော်၍၊ သက် တော်ရှည်ကြောင်း၊ ချီးမြှောက်တောင်းရှင့်၊ ဘေးလောင်း တော်မြတ်၊မင်း**မန္တာတ်**တို့၊ မှူးမတ်ဝန်းကျင်၊ပွဲသဘင်ဝယ်။ သန့်စင်ရှာရွေး၊ မပါဝေးသို့၊ သားမြေးမိတ်စုံ၊ **မျိုး**ကောင် ကုံ့သား၊မှူးပုံမက်ရာ၊ **လင်္ကာ**ဖြင့်၊ **မင်္ဂလာ**ပွဲဝင်၊စက် ရွှေစင်ကို၊ ဦးလင်ညွတ်ခွေ၊ ရွှန်းရွှန်းဝေလျှင်၊ ညာကျေ မဆိပ်၊ မွှမ်းမွှမ်းညိတ်၏၊ ရွှေ စိတ် တော် တွင်၊ လို တော် ထင် က။ မြှော် မြင် ပေး ဆက်၊ ဝေ ပူ မျက် ကို၊ ရွှေ လက် ထားတင်၊ **အုံဥကင်**နှင့်၊ ပလ္လင်ရွှေနန်း၊ ပွင့်လှာဆန်းသည်။ မျက်ပန်းရွှေမလ္လာဘုရား၊

**၃။ မြင့်သွန်းညာမော်။** ဥကင်တော်ကို။ နှုန်းလျော် ဘက်ပြိုင်၊ မတူနိုင်၍၊ ဖူးလှိုင်ရွှေမိုး၊ ချီးမကုန်ခဲ့၊ ဝန်း ရုံ

လွှင်လွှင်၊ တက်သစ်တင်လျက်၊ ငွေစင်ယိုးမှား ဆိုးဝိုးဝါး
နှင့်၊ ပတ္တမြားအရောင်၊ ဝင်းဝင်းပြောင်မျှ၊ ဆောင်ယောင်
ထွန်းပေါ်၊ သိန်းကျော်သည်၊ ဆင်တော်ဆဒ္ဒန်၊ ထူးပြားဟန်
မူ၊ ကျမ်း**ဂန်ကဗျာ**လောကစာ၌၊ လိမ္မာနူတ်ငုံ၊ ပညာစုံတို့
ထုံးပုံရှုမြှော်၊ ရှာငြွေးသော်လည်း၊ မပေါ်မထင်၊ မမြင်
ဘူးရာ၊ ကောင်းချီးညာရှင့်၊ စကြာနိမိတ်၊ ရောက်သည့်တိတ်
ကို၊ ဘိသိက်အောင်မြင်၊ မိုးသဘင်ဖြင့်၊ မြောက်တင်ထွေ
ဆန်း၊ နတ်တို့မှန်းသည်။ ။ထက်နန်းယန်မှာဘုရား။ ။

## ခက်ဆစ်အဓိပ္ပါယ်များ။

**သိကြား**= သက္က (မဃဝ) သကြ (သက္ကတ) ဤဝေါဟာရ ၂မျိုးတွင် ဣအား အက္ခရာ လဲထည့်၍ သတွင်လုံးကြီး တင်ပြီးလျှင် သိကြားဟုမြန်မာဘာသာ ခေါ်တွင်ကြောင်း ကိုးခန်းပျို့တွင် သက္ကသကြ၊ မဃဝနှင့်၊ သက္ကဋ္ဌ သာသာ၊ ဝေါဟာအပြား၊ ဤနှစ်ပါးမှ။ ဣအားအက္ခရာ၊လှဲတာလည်းပြု၊ မြန်မာမှုဖြင့်၊ ယခုသည်တွင်၊ သိကြားတင်သည်။ မည်ပင်လည်းကောင်း နတ်စော လောင်း- ဟူ၍ ၎င်း၊ မကွေးမြို့စား စီရင် ရေးသားသည့် သက်ထူးတွင် "သက္ကမဃဝ၊ သကြသကဋ္ဌ၊ နှစ်

ဌာန၊ နှစ်ဘာသာတွက်၊ ထိုတွင်ဤအား လဲ ကာထား၊ သိကြားခုခေါ်မြွက်၊ လုံးကြီးတင် လတ်၊ သတင်မှတ်၊ ဘတ်ခေါ် သက်သက်” ဟူ၍ ပညာရှိတို့ စပ်ဆိုကြသည်။

**ပဏ္ဏာ**=လက်ဆောင်။

**မန္တာတ်**=မန္တာတု (ပါဠိ) မန္တာတု စကြာမင်းကို ရည် ညွှန်းသည်။

**မျိုး**=(ပေါရာဏ)မင်္ဂလာကို ဆိုသည်။ (မျိုးနှင့် သဘော တူသည် ဟူသော စကားသည်လည်း မင်္ဂလာပင် ဖြစ်သည်။)

**လက္ခဏာ**=မှတ်သားကြောင်း၊ မှတ်သားစရာ၊ အမှတ် အသား၊ မှတ်သားဘွယ်ရာ။ ။လက္ခဏာ ဟူ သော ပါဠိသို့ လိုက်သော စကားတည်း။

**မင်္ဂလာ**= (ပါဠိ) မကောင်းမှု အကုသိုလ်ကို ရိတ်ဖြတ် တတ်သောတရား။

**ဥကင်**=ဥက္ကံသ (ပါဠိ)မြေနန်းတော်၌ ရှိ သော် မြင့်မြတ် သော ရာဇပလ္လင်။

**ဂန်**=ဂန္ထံ (ပါဠိ) ကျမ်းဂန်စာ။

....o....

## ၂၁။ သာလိကာစေရတု-မောင်ဘွဲ့။

**၁။ မြိုင်ဝန်းမြေချာ။** သာလိကာတို့၊ ပျော်ရာ ဝေး
ခေါင်၊ မိုးပြာတောင်မှ၊ ယူ ဆောင် မြတ် လေး၊ ငယ်က
မွေးသည်၊ သတ်ပေးယုံကြုံ၊ လုံခြေးမှု ........၊ပဒုံရွှေသွယ်၊
ပွင့်ချင်းနွယ်သို၊ သက်လှယ်စတင့်၊ ဆို သူ ဆင့်ရှို၊ စာနှင့်
ကျေးညို၊ ရောက်သည်ကိုလျှင်၊ အရိုအသေ၊ ပြန်လျှောက်
ချေလော့၊ နေလည်းမပြင်း၊ နှင်းလည်းကျကို၊ ရောက်ရာ
ခို၍၊ တိမ်ညိုဆင့်လောင်း၊ မ တော် တောင်း သည်၊ လေ
ကြောင်း ပံ့ခွင့်သာပြီသော်ဝ်။

**၂။ ကြိုင်မွှန်း ကြေညာ။** နူတ်သံသာဖြင့်၊ သစ္စာ
ကုံးသွယ်၊ မွေးပေါင်းကြွယ်သော်၊ မယ် လည်း ကြည် ဖြူ၊
သူလည်းကြည်ညို၊ သို့စင် ကို လျှင်။ ယွင်း ယို ဖေါက် ပြန်၊
ရှိလိမ့်ဟန်လျှင်၊ ဖန် ဖန် အောက် မေ့၊ စိုးရိမ် ငွေ့လည်း၊
တွေ့သည်နှင့်သာ၊ ယုံကြောင်းရှာ၍၊ ရိုးရာအပွင့်၊ ဘယ်ချိန်
သင့်ဟု၊ တွက်ချင့်တွေးယူ၊ မျိုးချင်းတူ**သာ**း။ ဝေပူမျက်နှစ်၊
**ဇာတိ**စစ်ကို၊ တင်ပြစ်ဆိုဟန်၊ မကြွင်းကျန်သို့၊ ချိန်တန်
မနှောင်း ကြာမညောင်း။ ။ရွှေပေါင်းရံသင့် ခါမှိသော်ဝ်။

**၃။ လှိုင်စွန်းဲဲဆေညာ။** လဲ လှယ် လာ သို့၊ အ ခါ
ချိန်ညွှန်း၊ မိန့်မှာခွန်းကို၊ မယွန်းစေချင်၊ သဘောထင်လည်း၊
ထက်ခွင်မိုးချာ၊ ယင်းကာဖြာသား၊ ဗြဟ္မာမွေးဘွား၊ အစဉ်

ထား၍၊ ထိမ်းမြားဆောင်ရာ၊ မင်္ဂလာကို၊ဩဘာ ချီးမြှင့်၊ ဝါကိုလင့်က၊ ကဲဆင့်သံ့ှန်၊ ရှေးသူမွန်တို့၊ အလွန်တရာ၊ ချီးမွန်းစွာဖြစ်၊ ချိန်ခါသင့်လျှော်၊ ယခုသော်ကား၊ ညာဘော်သင်းကွဲ၊ အရောင်စွဲ၍၊ မစဲရွှေဟန်၊ ပန်းညွန့်လံ၍။ ဝသန်ခါပြောင်း။ ဟေမန် ဆောင်းသည်။ ။ရွှေ မောင်း သံဆင့် နာရီသော၀်။

## ခက်ဆစ်အဓိပ္ပါယ်များ။

ကြေးမုံ= မှန်ရောင် တောက်အောင် ပွတ် ထား သော ကြေးဝိုင်း၊ မှန်ကြေးမုံ။

သဘော့ =ညဉ့်–အလို–အကြိုက်။

ဗြဟ္မာ= ဗြဟ္မာ(ပါဠိ)ဈာန်တရားစသော ဂုဏ်ထူးတို့ဖြင့် ကြီးပွားနေသော ပုဂ္ဂိုလ်။

## ၂၂။ ကျေးစေရတု–မယ်ဘွဲ့။

၁။မွှေးပွင့်ပေါ်လှာ။ အဖြာဖြာနှင့်အညာတောစွန်။ ဟေမဝန်မှ။ ကံညွှန်နတ်မ။ သူဝလုလင်၊ ကျေးမျက်ရှင်။ ။ ကောင်းကင်မိုးမှာ၊ ဝတိန်သာနှင့်။ ပ မာယိုး သိ။ မ ခြား ပြီတည့်။ ကမ်းနီမြို့မှာ။ ရှေ့နောက်မျက်နှာတွင်။ သလ္လာ၀တီ။ အနောက်ဆီဝယ်။ နဒီရေကြောင်း၊ သီဒါလောင်းက။ ရွှေ ကျောင်းရွှေကူ။ အဆူဆူနှင့်။ နိုင်းတူမမျှ။ သားမောလှ၏။

မိုးလဝါဝင်။ မကြူးခင်ကို။ အလျင်ပံ့ချေ။ တို့ရပ်မြေကား။
ကြည့်လေရာရာ။ ရှုတိုင်း သာ သည်။ ။သီ ဒါ ထွက် ဝင်
ရေနွားကိုင်။

၂။ **တွေးခွင့်လျော်ရာ။** တွေးစရာလျှင်။ သင်ကာ
မကင်း။ နှလုံးသွင်းဖြင့်။ ဆီးနှင်းမိုးကျန်။ ရှေး ယ မန် က၊
ဝသန်ရာသီ။ ခုရောက်ပြီဟု။ ကန်းနီမြို့သူ၊ ချောပြာဖြူလျှင်။
စွဲယူလေမိ၊ တွေးတောရှိ၍။ သာလိကာညို။ လျှောက်ပါ
ဆိုရှင့်။ နကိုပီပီ။ ရွှေသိင်္ဂီသို့။ ယာယီကျောက်နှင့်။ ဆင်မ
တင်ခဲ့။ အရှင့်မှုကံ ထမ်းရွက်ကြုံမူ။ ထုံး ပုံ ဆောင် သွေး။
ပညာရေးဖြင့်။ ရွှေကျေးပေါက်ပင်။ နှိုင်းဆင်ခြင်၍။ ကြာ
တင်နှစ်လ။ ကြာသည်ဖြစ်ကို။ စီစစ်ထွေရာ။ မသိရှာတည့်။
လျှောက်ဆာဆက်ချေ။ မျိုးသက်ဝေမူ။ ငါးထွေ ကလျာ၊
မယွင်းရာသည်။ ။ဂီဝါမျက်ရှင်၊ ရွှေသားကိုင်၊

၃။ **ရှု့မြင့်ကြော်ငြာ** ။မော်ကွန်းမှာကား။အောင်
ချာပုဂံ။ စိုးမိုးစံ၍။ မြစ်ရံမြေတူး။ သီ ခေါင် ကြူး သား၊
ကျွန်းဦးထိပ်ပြင်၊ သပြေပင်၌။ သဘင် ပြီးအောင်။ ခံ ပြီး
နှောင်ကို။ ရွှေဘောင်စကြာ။ လှည့်လည်လာမှ။ သလ္လာဝတီ။
မြစ်နဒီနှင့်။ ကန်းနီမြို့မှာ။ ရောက်သော့ခါ၌။ အာဇာနေယျ။
သိကြားပြု၍။ ရှေ့ကတူရှု။ မြင်တော်မူသား။ မြင်း ဖြူ ညီ
နှောင်။ နိမိတ်ဆောင့်ဟု။ ဘုန်းခေါင်နှစ်ဆူ။ တည် စိုက်
ထူ၍။ မျက်ဖြူပြာချေ။ မယ်တို့နေသည်။ သဲမြေဖြူလွင်။
မြို့လယ်တွင်၌။ ထားတင် ခုတ်မွေ့။ သွားလတ်စေသော်။

ရှိသေခယ။ ဦးနှိမ်ချလျက်။ ဆင်မယဉ်သာ၊ ရပ်နေရာဝယ်။ ဥာပနာစစ်။ တင်သနစ်ဖြင့်။ ရပ်သစ်ရှင်ပင်။ ကျော် စော ထင်၏။ သို့စင်ဆန်းကြွယ်။ လွမ်းဆွတ်ဘွယ်နှင့်။ ဆွေ့ မယ် မျိုးတူ။ ဝေးကြသူကြောင့်။ သည်းအူကွဲပြို။ ရှိခိုက်ကိုလျှင်။ တိမ် ညို ဝင်း ကာ။ မှိုင်း မှိုင်း ပြာ သည်။ နိ လာ ရှက် တင် ထွေးပြားကိုဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

သာမောလှ၏= အလွန်အကျူး အထူး သာယာလှ၏။
(မော - အထူး။ လှ-အလွန်။)

သင်ကာမကင်း= ယုံမှားခြင်းရှိသည်။

ယာယဲ= ခဏ။

မှုကုံ= အမှုကိစ္စအများ။ ကုံ-ကြွယ်ဝသည်။ကုံလုံသည်။

မော်ကွန်း= နောင်အစဉ်အလာ မှတ်သားရန် ရေးသား ထားသော စာအရာ စာရင်းအင်း များကို လည်း မော်ကွန်းခေါ်သည်။ နန်း မြင့် ကို လည်း မော်ကွန်းခေါ်သည်။
(မော်-နန်း။ ကွန်း=မြင့်။ နန်းမြင့်။)

အာဇာနေယျ=(ပါဠိ)အာဇာနည် လွန်စွာသိတတ်ခြင်း။

ဥာပနာ= ဥာပန (ပါဠိ)ထားခြင်း။

ရဝ်သစ်= ဘုရားအမည်။

....o....

၈.

## ၂၃။ ဘုန်းတော်ဘွဲ့ရတု။

၁။ **ရွှေမြို့အောင်ချာ။** ရွှေနန်းသာကို။ စကြာစိုက်ထူ။ တည်တော်မူသော်။ ဆင်ဖြူဆက်မြဲ။ ဝင်မစွဲနှင့်။ မင်းပွဲရွှေပြည်။ သာလိမ့်မည်ဟု။ လျှပ်ခြည်ရှိန်ပြေး။ မန္တလေးက။ ချီးကြွးနုဘော်။ ဗျာဒိတ်တော်ကြောင့်။ ဖူး မျှော် တ ဆို။ ရှေ့လူပိုလ်တို့။ စိတ်လိုရှိရာ။ ပွဲတော်သာကို။ ကြံရှာရနိုး။ ထင်ယောင် ကိုးလျက်။ ကောင်းကျိုး မဝေ။ မ ကြုံ လေတည့်။ ကြုံပေသသူ။ ကျွန်းမဥ္ဇူထက်။ ဆုယူမပြီး။ ပျော်မငြီးအောင်။ ပြည်ကြီးသူများ။ ဘုန်းတော်အားကို၊ ဆွတ်စားလွင့်ခြွ။ မကုန်စေဟု၊ ပဒေသာဆန်း၊ နတ်မိုးပန်းသည်။ ရွှေနန်းတက်ချိန်ခါဘုရား။

၂။ **နေသို့ရောင်ဝါ။** သောင်းဒီပါထက်၊ အံ့ရာထွန်းပေါ်။ ရွှေဘုန်းတော်ကို၊ ချီငေါ်ဥဒါန်း။ မကုန်ခန်းတည့်။ လျှပ်ပန်းစဉ်လျှဉ်။ ခုနှစ်စဉ်ဟု။ လေယဉ်တိမ်ထဲ။ လျှံရဲရဲနှင့်။ မင်းပွဲကသော်။ လက်ဝဲတော်ဝယ်။ မ ယော် မ ညှိုး။ နတ်တန်ခိုးဖြင့်။ ပြိုး ပြိုး ပြောင် ပြောင်။ ရွှေ တန် ဆောင် သို့။ ကြယ်ရောင်နိမ့်မြင့်။ မိုးပန်းပွင့်လျက်။ ကောင်းကင့်တိမ်ချာထွန်းပရာက။ စကြာထိန်ညီး။ ရောက်ချိန်နှီးသော်။ ကောင်းကြီးမျှံ့ငင်။ နန်းသဘင်ဝယ်။ ဝန်းကျင်ပတ်လည်။ ဆင်ဖြူချည်၍။ ထက်ပြည်မိုးနေ။ နတ် တ တွေ့ တို့။ အောင် စေဆက်မှန်း။ ဘိ သိက် ဖျန်း သည်။ ။ရေ ပန်း မျက် သိင်္ဂါဘုရား။

၃။ **ဝေမို့မှောင်ခွာ**။ လ–သော်တာတွင်။ ယှဉ်လာလမ်းကြီး။ ကြယ်ပုံနှိုးသို့။ ခရီးမြေရှည်။ သင်းတွဲပြည်က။ ဇာနာပြောင်ကျော်။ လက်ဆောင်တော်ဖြင့်။ စိတ်ပျော်သာရွှင်။ ရှိဦးထင်ရှင့်။ တိုင်းခွင်စိုးချာ။ မင်းတရာတို့၊ သစ္စာတော်ယူ။ ခံလာသူနှင့်။ ဆင်ဖြူဆက်မြဲ။ တသဲသဲတည့်။ မင်းပွဲဗိမာန်။ တင့်တယ်ဟန်ကို။ စိတ်ညာဏ်ထဲသို့။ ချီအံ့လို၍။ ဖွဲ့ဆိုစီကုံး။ ရှာကြံရှုံးသော်။ ဘယ်ထုံး ဘယ်တမ်း။ ဘယ်ကျမ်းဖေါ်တွေ့။ ဘယ်ပေ ဘယ်စာ။ ဘယ်ကဗျာ၌။ ပမာမမြင်။ မထင်ဘူးချေ။ ပင်လယ်ဝေအောင်။ ညာကျေရိုက်မှန်း။ ဘုန်းတော်ထွန်းသည်။ ။နေဝန်း စက် ရှိန် ဝါဘုရား။

## ခက်ဆစ် အဓိပ္ပါယ်များ။

**ဗျာဒိတ်**=မိန့်ကြားသည်၊ မြွက်ဟသည်။ (ဤစကားသည် မြတ်စွာဘုရားနှင့် ရှင်ဘုရင် တို့သာ ဆိုင်သော စကားဖြစ်သည်။

**ဗိုလ်လူ**=လူထု အထုအထယ်ကြီးမားသော လူပရိသတ်။

**ဒီပါ**=ဒီပ (ပါဠိ)ကျွန်း။

**ငေါ်**=(ပေါ်ရာဏ) အသံ။ ဂါထာ ပြန့်ကျော်။ သံငေါ်ပျံ့မွှေး နဝင်းကြွေးသည် လောကဝိဒူ။

**ဥဒါန်း**=ဥဒါန(ပါဠိ)ဝမ်းမြောက်ခြင်းကြီးလှ၍ နှလုံးဝယ်မ သို ထား နိုင် သ ဖြင့် ကျူးရင့် မြွက်ဆိုသော စကား။

ဇာနည် = အာဇာနေယျဟူသော (ပါဠိ)မှ ဖြစ်လာသည်။
ဖြေခဲ့ပြီ။

....၀....

## ၂၄။ ကျေးစေရတု—မောင်ဘွဲ့။

၁။ **ကိုးမျက်သိင်္ဂါ**၊ ရတနာတိ၊ နီလာမြနှယ်။ အသွယ်သွယ်နှင့် မျက်ချည်စိမ့်ညို။ ထွန်းသလိုလျှင်။ ပင်ကိုဆင်းဝါ။ လက္ခဏာကြောင့်။ မယ်သာမြတ်နိုး။ ယုယပျိုးသည်။ လူမြိုးကုန်စင်။ ကျေးညိုလွင်။ ။စစ်ခွင်မြေတာ။ ရပ်ဝေးမှာလျှင်။ ဂုဏ်ဝါထွန်းညီ။ ကျော်နှံ့သိသည့်။ မတ်ကြီးရင်သား။ ရွှေစံထားသို့။ မခြားသက်တူ။ မယ့်ကျင်သူကို။ စိတ်တူဖျော်ဖြေ။ လျှောက်ပါချေလော့။ စိန်းရွှေနီဝါ။ ဖြူပြာရောင်ထဲ၊ မြပေါက်ကြဲသို့။ မိုးပွဲခံရာ။ ကောင်းကင်မှာလျှင်။ မသာစတောင်း။ ပျံ့ဘို့ကောင်းသည်။ ။လေကြောင်းပျော်စချင့်ဘွယ်သောဝ်။

၂ **မြိုးမျက်ထိန်ဝါ**၊ ဘုန်းတော်ဖြာလျက်။ သစ္စာမခံ။ ကွာဝေးလံသည်။ နိုင်ငံတိုင်းစည်။ ဂျမ်းတို့ပြည်သို့။ သိမ်းမည်ဟူ၍။ ခါကောင်းနေ့ဝယ်။ အိမ်ရှေ့စံနေ၊ ဘုန်းပွင့်ဝေလျှင်။ စက်ရွှေဖြန့်ရာ။ နောက်တော်ပါသော်။ သည်ဝါမနှောင်း။ ဟေမာန်ဆောင်းသို့။ မပြောင်းမိခင်။ ရန်မျိုးစင်၍။ အောင်မြင်လွယ်စေ။ မယ်တို့နေသား။ ရဝေခန်းသာ။

မြောက်မျက်နှာဝယ်။ ခြောက်ဖြာရောင်ဝှန်။ တန်ခိုးလွန်သည် ရွှေကွန်အုပ်မွေ။ မြတ်ခေါင်ဗွေဝယ်။ ညောင် ရေ ဆု ယူ။ တင်ဆက်လှူ ရှင့်။ မဥ္ဇူပွင့်နွယ်။ ပန်းညွန့်သွယ်မှူ။ မျက်ချယ် စုံပေါင်း။ ညွတ်ညွတ် ပြောင်းသည်။ ။ရွှေ ကောင်း မှော် တပွင့်နှယ်သောဝ်။

၃။ **မိုးသက်ချိန်ခါ**။အောက်မေ့စာသော်။ သည်ဝါ သည်နှစ်၊ မယ်တို့ဖြစ်မူ၊ သည်စစ်ချီရာ၊ တောင်မျက်နှာက၊ တိမ်ပြာတိမ်ပန်း၊ ရှက်ခွေတန်းလျက် ပေါ်ဆန်း မပေါ်၊ လွမ်းရေး ဆော်သော်၊ စိတ်ဖျော် စိတ်ဖြေ၊ လျော့ရမေ့ နေလည်း၊ မပြေတ–သူ၊ မယ့်အတူလျှင်၊ သည်းအူညွတ်ခွေ၊ ရှိပါလေလိမ့်၊ စက်နေမှိုလျောင်း၊ နေ မှာ ပျောင်း သား၊ ဖယောင်းအသွင်၊ သို့ကြောင်းအင်ကို၊ **သံလွင်** နူတ်ချို၊ ရွှေ ကျေးညိုလျှင်၊ လျှောက်ဆို စိမ့်မည်၊ အ တည် တည် ကို၊ **နှုတ်ချည်**ကြိုင်လွှင့်၊ သို့မတင့်ဟု၊ ဆိုသင့်ဆီလျော်၊ အရေး မြော်လျက်၊ မ တော် တော် ကြောင်း၊ လဲ လှယ် ပြောင်း သည်။ ။ရွှေပေါင်းပေါ် အတင့်တယ်သောဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ဂုဏ်ဝါ**= ဂုဏ်ရောင်။ (ဂုဏ်–ကျေးဇူး။ ဝါ–အရောင်။)

ဗွေ= အလယ်။

သံလွင်= ထက်မြက်သဖြင့် အဝေးသို့ လွင့်သောအသံ။
နှုတ်ခြည်= နှုတ်သံ-ခြည်-အသံ။

....၀....

## ၂၅။ စည်သူရှင်ဘုရားတိုင်-မောင်ဘွဲ့ရတု။

၁။ **မယ်နှင့်ကျိန်စာ**။ မျိုးကိုသာလျှင်၊ပညာကျက်စား၊ကျင့်သည်များကြောင့်၊မြတ်ဗျားသခင်၊စည်သူရှင်ဝယ်။ လျှောက်တင်စုံမည်၊ **စကားလျှည်**ကို၊ ပင်စည်ရွှေကူ၊ မြတ်နှစ်ဆူတွင်၊ ဆုသူရှာရွေး၊ ကာလရှေး၍၊ အရေးမစင်၊မကုန်တွင်သော်၊ ရှင်ပင်ထံမှောက်၊ ယခု ရောက် လျှင်၊ တိုင်လျှောက်ပြန်မိ၊ သုံးကြိမ်ရှိလိမ့်၊ မိုးထိတိမ်လယ်၊ **ဘဝဂ်**ကယ်မျှ၊ ချီးဘွယ်**အံ့ဩ**၊ ရောင်စုံရောသည်၊ မုဋ္ဌော ရွှေတောင်၊ ခြောက်သွယ်ရောင်ဖြင့်၊ တိမ်မှောင်ရှိတွာ၊ ထွန်းပရာကား၊ စကြာလှေမျိုး၊ ရေတာရိုးဝယ်၊ မြေရိုး တိမ် ပြို၊ ကိုးသန်းဗိုလ်နှင့်၊ မြင်းမိုရ်ရွှေနန်း၊ တောင် လက် သန်း ၍၊ စံခန်းထပ်တည်၊ ပြန်ခဲ့လည်မှ၊ ရွှေပြည်သူနတ်၊ လောင်းမန္တာတ်လျှင်၊ ထိမ်းမှတ်တော်မူ ၊မြတ်တဆူဟု၊ မြင်သူအံ့မူး။ သာခေါင်ကြူးသည်။ ကန်ထူး ကန်လှ **ကန်တော်**သောဝ်။

...

၂။ **ရွှယ်သင့်ချိန်ခါ**။ မရွေးသာပဟု။ သစ္စာဆိုမြဲ။ ကျိန်**စာ**ရဲသည်၊အစွဲအမှန်။ အတွင်းချန်နှင့်။ **ကျင့်ဟန်မူလ**။

ယွန်းသမျှကို။ လောကမာန်အောင်။ ညာဏ်တန်ဆောင်နှင့်။
ဘုန်းရောင်တောက်ပ။ လွှံ့ ဝါ မှ တည့်။ ဖေါ်ပြရုံးလျက်။
မယ့်လျှောက်ချက်ကို။ နှုတ်ဘက်မစုံ။ မယုံစသာ။ မျက်နှာ
မညီ။ အကြောင်းစီအံ့။ တ လီ နှောင့် နှေး။ မယ့်အတွေး
လည်း။ တော်မေးရောက်ရာ။ မထင်သခဲ့။ **အာဏာခေတ္တ။**
**ဝိသယ**ကို၊ ထဲပသိမြင်။ ကျေးဇူးတင်လျက်။ သို့ စင် တွေ
ပြား။ အတွေးမှားလိမ့်။ စကားရှက်နှောင်။ ဆွဲ မိ အောင်
ဟု။ သူရှောင်သမျှ။ သူ့ မူလကို။ ကြံဆဆုံးတိုင်။ မတွေးနိုင်
၍၊ မဏ္ဍိုင် ပြသာဒ်။ မြင်း မိုရ် လတ် ဝယ်။ ငွေပတ္တမြား။
လ ရ ထား သည်။ နဂါးနတ်ခွင်။ မရောက်ခင်က။ ရွှေစင်
တာဦး။ ကြိမ်ကြိမ်ဖူးသည်။ သံ ကျူး သံလှ သံ ကျော်
သောဝ်။

၃။ ဆယ်ပွင့်သိင်္ဂါ။ ပန်းမာလာနှင့်။ ရေးရာထုတ်
ဖေါ်။ သန်းခေါင်ကျော်ကို။ ကန်တော်မုဋ္ဌော။ သိစေသော
ဟု။ မြတ်စောညီနှောင်။ ထွတ်ဘုန်းခေါင်ဝယ်။ ရှက်ဆောင်
မှုခင်း။ လျှောက်စကြွင်းကို။ စက်ရင်းတော်မှာ။ ပြီးတန်ပါ
ဟု။ ရှိကြွာကျိုးနွံ။ မိန့်တော်ခံရှင့်။ သူကြံသမျှ။ သူ့ မူလ
ကို။ မယ်ကသူ့ နှယ်။ အကြံကျယ်၍။ ဆန်းကြယ်**မာယာ။**
သဘောခွါနှင့်။ ဖွေရှာတုဘက်။ မကြံရက်ခဲ့။ ရှေးပျက်
နောက် ပွါး။ ဆို စ ကား ကို။ ယောကျ်ား တော် တမ်း။
ပျူငါဆမ်း၍၊ အလွမ်းမတူ။ ကျင့် မည့် သူ ဟု။ စွဲယူ ဆင်
ခြင်။ သိလျက်ပင်ကို။ ဝမ်း တွင် သို့ ထား။ သူတွေ့ပြားမှု။

ပယ်ထားသက်သေ။ ရှိပါစေဟု။ မြတ် ကူ ထောင့် တောင်။ ထိန်ထိန်လောင်သား။ နန်းညောင်သီရိ။ ရွှေဗောဓိဝယ်။ ချစ်မိသည့်ဝန်။ သူက ညွန်၍။ အလွန်အကြူး။ ဆိုကြဘူးသည်။ ။ပန်ဦးပန်စ ပန်တော်သောဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**စကားလျည်**=စကား အစီအစဉ် အ လှည့် အ ထောက်။ အဆက်မပြတ်သောစကား။ (လျဉ်ဟု ဆိုလိုလျက် ရှေးနောက် ကာရန်ကို ငဲ့၍ လျည်ဟု စပ်ဆိုထား သည်။)

**ဘဝဂ်**=ဘဝဂ္ဂ (ပါဠိ) အမြင့်ဆုံးသော ဘဝဂ်ဘုံ။

**အုံ့ဩ**=ချီးမွမ်းခြင်း၊ (ဩ၏ အရကား မရှိ၊ ပြေပြစ်ရုံမျှ ဖြစ်သည်ဟု ဝေါဟာရတ္ထ ပကာသနီတွင် ဆို ထားသည်။)

**သွံ့**=လွှမ်းမိုးသည်။

**အာဏာခေတ္တ**=(ပါဠိ) အာဏာပျံ့နှံ့ရာခေတ်။

**ဝိသယခေတ္တ**=(ပါဠိ) အာရုံပျံ့နှံ့ရာခေတ်။

**မာယာ**=လှည့်ပတ်သော ဉာဏ်။

**ဗောဓိ**=ဗောဓိပင်။

....o....

## ၂၆။ ကျေးစေရတု မောင်ဘွဲ့။

၁။ **စိန်ပွင့်မလွှာ။** ဆင်းရုပ်ဝါကြောင့်။ မယ်သာ ယုယ၊ သွန်သင်ပြ၍၊သုတပညာ၊ တတ်လိမ်မာသည်၊ သိင်္ဂါ ရည်လေး၊ တောင်ယံကျေး။ ။ဝေးလည်းဝေးစွာ၊ ကြာ လည်းကြာမြင့်၊ သည်ကိုချင့်၍၊ မဆင့်ကျေးကျွန်၊ **သဝန်** ခွစာ၊ ထွေရာကြောင်းလမ်း၊ မှာမကမ်းဟု၊ စစ်တမ်း သည်သူ၊ စွဲစိတ်ယူလိမ့်။ ကြေးမြူမသန်၊ နှင်းမဖျန်း၍၊ တိမ်ပန်းညိုပြာ၊ မိုးလင်းသာကို၊ ပုံ့ပါတည့်ချော၊ မကြာ စေနှင့်၊ မြူတေညက်စင်၊ ကျေးညိုလွင်တို့၊ မိခင်ဘေး ဘိုး၊ ဆွေနှင့်မျိုးသည်။ ။ဖန်မိုးတောင်မြင့် ထက်မှာ သောဝ်။

၂။ **သိန့်နှင့်ကန့်မှာ။** မျှော်ကြခါလည်း။ စက်ဝါ လျှံလည်၊ခြည်မတန်းလျက်၊ပန်းလည်းမမှန်၊သန်လည်းမထွေ လေလည်းမတည်၊ ရှိခဲ့သည်ကြောင့်၊ ရွှေပြည်တော်နေ၊ မျိုးသက်ဝေမူ၊ ဘော်ရွှေထိန်းချီ။ တူတညီနှင့်၊ စစ်ဆီ သို့စေ၊ မြော်လင့်နေရှင့်၊ စိန်ရွှေ ပြာညို၊ တိမ်ရိပ်ခိုလျက်၊ လေကိုယူဘမ်း၊ ကောင်းကင်လမ်း၌၊ စစ်ထမ်းစစ်စေ၊ သို့ဖြစ်ပေဟူ၊ တောင်လေပြင်းဝှန်၊ မိုးအလွန်တွင်၊ သိန်း စွန်မစဲ့၊ ငှက်ရဲမမြော်၊ ဘုန်းတေဇော်ကြောင့်၊ နွမ်းလျော် မညှိုး၊ လန့်မရိုးသည်၊ ရန်မျိုးရှောင်လွှင့်။ ။ဘက်ကွာ သောဝ်။

၃။ ချိန်တင့်တန်ခါ။ ပျိုမြစ်စွာလျက်၊ ပြိုင်လှာ
မရွေ့၊ စစ်ပွဲလေ့သွား၊အိမ်ရှေ့မင်းကျွန်၊ မြင်းရေးလွန်လျှင်
ပြင်းဝှန်ချီဝင့်၊ ဆင်ချွန်းဖွင့်တွင်၊ မြင်းနှင့်ပယ်လှန်၊ အင်းဝ
ပြန်လည်း၊ အားအန်ကြိုးလျက်၊ လိုက် လှာ တွက် သော်၊
သုံးဘက်လောက်စင်၊ ကညင်ပင်ကို၊ လှံလျှင်မရပ်၊ တုတ်
ချင်း ခပ်ကြောင့်၊ လန့်ဖျပ်ကြောက်ရှောင်၊ ရွှေစစ်အောင်
သို့၊ နောက်နောင်ရဲဘော်၊ ရန်မမြော်ဟု၊ မိန့်တော်အထူး၊
မရဘူးသည်၊ ရန်ငူးရွှေတောင်၊ မှူးမတ်ဘောင်တွင်၊
စွမ်းဆောင်စိတ်ထင်၊ မယ့်ဆံကျင်လျှင်၊ သာ ရွှေ ကြိုး ပမ်း
မှုတော်ထမ်း၍၊ ပွဲလမ်းရစေ၊ ဆု ယူ ပေ သား၊ ခေတ် မေ့
စုရာ၊ ခြောက်ဖြာရောင်စုံ၊ စည်း ခုံ ပု ထိုး၊ ထွတ် ခေါင်
မိုးသည်။ ။မှန်ကိုးတောင်ဆင့် မက်ကြာသော်။

## ခက်ဆစ်အဓိပ္ပါယ်များ။

သုတ= (ပါဠိ)အကြားအမြင်။

သဝန်စာ= တဦးမှတဦးသို့ တမန်စေလွှတ်၍ ပို့သောစာ။

ရန်ငူးရွှေတောင်= (ပေါရာဏ)မင်း၊ ရန်ငူး = မင်း။
ရွှေတောင်=မင်း။

....o....

၃။ ချိန်တင့်တန်ခါ။ ပျိုမြစ်စွာလျက်၊ ပြိုင်လှာ မရွှေ့၊ စစ်ပွဲလေ့သွား၊အိမ်ရှေ့မင်းကျွန်၊ မြင်းရေးလွန်လျှင် ပြင်းဝှန်ချီဝင့်၊ ဆင်ချွန်းဖွင့်တွင်၊ မြင်းနှင့်ပယ်လှန်၊ အင်းဝ ပြန်လည်း၊ အားအန်ကြိုးလျက်၊ လိုက် လှာ တွက် သော်၊ သုံးဘက်လောက်စင်၊ ကညင်ပင်ကို၊ လှံလျှင်မရပ်၊ တုတ် ချင်း ခပ်ကြောင့်၊ လန့်ဖျပ်ကြောက်ရှောင်၊ ရွှေစစ်အောင် သို့၊ နောက်နောင်ရဲဘော်၊ ရန်မမြော်ဟု၊ မိန့်တော်အထူး၊ မရဘူးသည်၊ **ရန်ငူးရွှေတောင်၊** မှူးမတ်ဘောင်တွင်၊ စွမ်းဆောင်စိတ်ထင်၊ မယ့်ဆံကျင်လျှင်၊ သာ ရွှေ ကြိုး ပမ်း မှူတော်ထမ်း၍၊ ပွဲလမ်းရစေ၊ ဆု ယူ ပေ သား၊ ခေတ် မေ့ စုရာ၊ ခြောက်ဖြာရောင်စုံ၊ စည်း ခုံ ပု ထိုး၊ ထွတ် ခေါင် မိုးသည်။ ။မှန်ကိုးတောင်ဆင့် မက်ကြာသော်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**သုတ**= (ပါဠိ)အကြားအမြင်။

**သဝန်စာ**= တဦးမှတဦးသို့ တမန်စေလွှတ်၍ပို့သောစာ။

**ရန်ငူးရွှေတောင်**= (ပေါရာဏ)မင်း၊ ရန်ငူး = မင်း။
ရွှေတောင်=မင်း။

....o....

## ၂၇။ သားများကို တမ်းတ-ရတု။

**၁။ မြော်ကြမျက်မြင်။** မိုးတခွင်၌၊ ဦးတင်ချီမြှောက်၊ ပျော်စလောက်အောင်၊ ရွှေနောက်စီလျှဉ်၊ သင့်ရာယှဉ်၍၊ ကြီးစင်ငယ်လျှောက်၊ ရွှေပင်ပေါက်သို့၊ လေးယောက် ညီနောင်။ သားတန်ဆောင်ကို၊ မျက်တောင်မရှက်၊ **မငဲ့ကွက်** သည်။ ချစ်သက်မျှဝေ၊ ရှုလေလေနှင့်၊ ကွဲကြေ နွမ်းရိ၊ ပျောင်းပျောင်းအိအောင်။ မောင့်မိ မောင့်ဘ၊ ကြင်မောစွ ဟု၊ သားလှသက်ဝေ၊ သိပါလေ၏၊ နေလည်း မညှိုး။ မိုးလည်းမထန်၊ ရွှေပြည်ပြန်က၊ သကြံန်နှစ်ပြောင်း။ မမြင်နှောင်းသည်။ ။ရေလောင်းခါမှီ သည်ပွဲကိုဝ်။

**၂။ ဇော်တညက်စင်။** ကျောက်မျက်ရှင်ကို။ ဆင်ယင်ကျင်းပ၊ လက်ဘွဲ့ရသို့၊ မွေးဘွလက်တင်၊ သားရင်ခွင်ဖြင့်။ မိခင်လည်းကျူး၊ သားပုံ့ပျူးသည်၊ သားဦး ရွှေတောင်၊ သားလှမောင်နှင့်၊ ဆင်းရောင်ချောသွယ်။ ချစ်စဘွယ်သည်၊ သားငယ်ပျို့ထား၊ မောင်နှစ်ပါးတို့၊ တိုးပွားစံနေ၊ **ဗာဟိ** မြေဝယ်၊ ပြောလေသည်ဖြစ်၊ ရက်ကို စစ်၍၊ သနစ်သနာ၊ မျှော်မိကာနှင့်၊ လောဇစာ ကြေကွဲ၊ ပူလှိုက်လှဲစွ၊ စိတ်ထဲမှတ်ယူ၊ ထင်သည်မူကား၊ ဇမ္ဗူ ရည်ပျောင်း၊ မတင့်တောင်းသည်။ ။ရွှေကောင်းဒါလီ လည်ဆွဲကိုဝ်။

၃။ **သော်ကခက်ရှင်။** ပန်းထွတ်တင်ကို၊ ဆင်ယင်နေကြ၊ ပျိုပန်ရသို့၊ မွေးဘာသက်လုယ်၊ မွေးမယ်သတ်မှတ်၊ လွန်လေးမြတ်သည်၊ သားလတ်စံထွေး၊ သားထွေးမြဝါ၊ ပန်းရွှေကြာကို၊ **နေအာရုံ**မျှို၊ မျှော်၏သို့လျှင်၊ မောင်တို့ရှိရာ၊ ရှုစကာလျှင်၊ မာလာပွင့်လား၊ လွန်သြိုးဝါး၏၊ ဘိုးဘွားစံတည် သာတော့သည်ဟု၊ ပတ်လည်ထင်ရှား၊ လနတ်သားနှင့်၊ နဂါးစဉ်လျှဉ်၊ သွားလမ်းယှဉ်သော်၊ နှစ်စဉ်ဆုယူ၊ မြင်းမြေသူတို့၊ ရောင်မြူသငွေ့၊ ချင်တွက်ရေမှု၊ ရှိသေမြှောက်ချီ၊ တပြည်စိတ်ထက်၊ စုံညီစုဆောင်း၊ မတင်လောင်းသည်၊ ။မွေပေါင်းစာတီ တည်မြဲကိုဝ်။

ခက်ဆစ်အဓိပ္ပါယ်များ။

**မငဲ့ကွက်**= မရှုမကြည့်၊ ငဲ့ကား–ရှုခြင်း၏ တစိတ်မျှသာ ဖြစ်သည်။

**ဗာဟိ**=ဗာဟိရ (ပါဠိ) အပြင်အပ။

**ဒါလီ**=လည်ဆွဲကြိုး။

**နေအာရုဏ်**=နေ လွတ် အံ့ နီး နီး တွင် ထင် လာ သော ရောင်ခြည်။

....၀....

## ၂၈။ စကားကိုးဆူဘုရားတိုင်ရတု။

၁။ တောင်ညာစိုးစံ။ ပြစ်စံသား၊ မျက်လျှံတံဆိပ်၊ လေးသောင်းထိပ်ဝယ်၊ လ ရိပ် အ သွင်၊ ရွှေပေါင်း ရှင်လျှင်၊ဆက်တင်သီကုံး၊တိုင်လျှောက်ရုံးအံ့၊ ကိုယ်လုံးမျက်မြှား၊ ရတနာကို၊ ကြိုးချာတမုတ်၊ ရွှေစင်ကြုတ်နှင့်၊ စည်ပုတ္တရာ၊ အညာမြေတူး၊ စဉ့်ကူးသာခေါင်၊ ကုန်း ဘောင် မြို့ တိုင်း၊ စစ်ကိုင်းအောင်မြေ၊ ပင်ထွေပေါ်ဆန်း၊ စ မွန် ကျယ် ဝန်း၊ မင်းခင်းနဂိုရ်၊ ရာဇဂြိုဟ်သို့၊ မဂ် ဖိုလ် ဆု ယူ၊ ထင် ဝှက်မှူည်သ။ ကိုးဆူရှင်တော် စကားကိုဝ်။

၂။ ခေါင်ဖြာ မိုးယံ။ နတ်စီမံ၍၊ရွေးကံညွှန်းချိန်၊ ကုသိုလ်ရှိန်နှင့်၊**မာဃ ဝန်**ပြည်က၊ **ပူဇော်**သသော်၊ဝေးလှပြေတာ၊ ခရီးကွာလျက်၊ မာလာပွင့်လျှံ၊ ရှင်ပင့်ထံသို့၊ဝဲပျံ့ရုံးစည်း၊ ရောက် သည် နည်း လျှင်၊ မယ် လည်း ထို့ ဟန်၊ ခန့်ထားရန်၍၊ ဓိဋ္ဌာန်ခွဲဝေ။ ရှည်မှတ်စေရှင့်၊ စိတ်နေသွားရာ၊ ကျမ်းပေစာဖြင့်၊ နည်းနာမှီခို၊ လေ့ကျက်ဆိုလည်း၊ ကုသိုလ်မှုရေး၊ မဆိုဝေးက၊ နက်လေးကုံးသီ၊ မဆိုပြီဟု၊ စွဲ မှီ မှတ် မူ၊ ကြည် စိတ် ဖြူ သည်။ ။ကျိုး ယူ မြင် မြော် တရားကိုဝ်။

၃။ ရှောင်ဝါဖြိုးလျှံ။ မိုးတိမ်ယံဝယ်၊ကြယ်ပုံသောတူ၊ ပန်းမဉ္ဇူကို၊ ကိုးဆူတွတ်ထား၊ ရွှေစကားသို့၊ ခြားနား

ကုံးသီ၊ တင်လျှောက်ချီမှ၊ စီစီလျှဉ်လျှဉ်၊ ပန်လျှောက်ယှဉ်သား၊ ရွှေယာဉ်တော်စာ၊ မင်းသဝါတို့၊ ထုံးလာဆုရည်၊ လျှောက်တင်သည်ကား၊ ရွှေပြည် ကုန်း ဘောင်၊ ရှေ့ ဦး ထောင်၍၊ ဘုန်းရောင်နေမီး၊ တန်ထိန်ညီးသည်၊ဦးရီးတော်မြတ်၊ဘေးမန္တတ်၏၊ သားလတ်သည်ချား၊ ပွင့်နန်းလျှာနှင့်၊ သစ္စာကုန်းမြောင်၊ ကောင်းကြီးဆောင်လျက်၊ မာန်အောင်ကျော်သဲ၊ **ကန်တော့**ပွဲဝယ်၊ လွတ်ရဲရန်ဖြူ ကျွတ်ဆုယူ**သည်**။ ။မျိုးတူကြင်ဘော် မခြားကိုဝ်။

## ခက်ဆစ်အဓိပ္ပါယ်များ။

**မျက်လျှံတံဆိပ်**= အရောင်လျှံထွက် နေသော အမျက်ရတနာတံဆိပ်။

**မာဃဝန်**= မာဃ- သိကြား။

**ပူဇော်**= ပူဇန(ပါဠိ)အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်းလက်အုပ်ချီမိုး ရှိခိုးခြင်းကို ပူဇော်သည်ဆိုသည်။

**ကန်တော့**= အကုသိုလ် ကံကို ကန်၍ ကုသိုလ် ကံကို ကတော့သည်ကို ကန်တော့သည် ဆိုသည်။

....၀....

## ၂၉။ အလောင်းဘုရား၏ဘုန်းတော်ဘွဲ့ရတု။

**၁။ မြတ်စန်းငွေလို။** ယုဂန္ဓိုရ်က၊ မှောင်ညှိုလှစ်ပယ်၊ ထွန်းသောနှယ်သို့၊ အံ့ဘွယ်တူစွာ၊ ချိန်**ဇေယျာ**တွင်၊ ဗြဟ္မာကျူးမြွက်၊ ရေးပန်းဆက်၍၊ ဘုန်းကြက်သရေ၊ တင့်နေဆင့်လောင်း၊ ခါကောင်းသဘင်၊ သင်္ကြန်ယဉ်လျက်၊ **အောင်**မင်္ဂလာ၊ တောင်ဒီပါဝယ်၊ **သမ္ဘာ**တော်ဖြိုး၊ ဘုန်းသစ်နှိုး၍။ ကောင်းကျိုးရှည်မြင့်၊ ဘုံဆင့်ကြငှန်း၊ စိုးပိုင်မြန်းသည်။ ။မြတ်စန်းရောင့်လျှံလူဘုရား။

**၂။ နတ်နန်းရွှေဘို။** မြို့ရန်ပြိုကို၊ ရေညီရစ်သန်း၊ ရှုမခန်းအောင်၊ နတ်နန်းသခင်၊ ဘန်စီစင်၍၊ **သောင်း**ခွင်သပြေ၊ ကြားလွှံ့စေဟု၊ **ပရမေ**ဘုန်းရောင်၊ စိုးမိုးဆောင်က၊ ကုန်းဘောင်နန်းပွဲ၊ လွန်ကဲထူး**စွာ**၊ **တြင်းသာ**လျက်၊ အခါရေသွန်း၊ ဗြဟ္မာညွန်း၍၊ နေဝန်းဆန်ကြွ၊ **သော်**တာလသို့၊ မင်းများဦးကိုင်။ ညာနန်းပိုင်နှင့်၊ ဘုန်းလှိုင်ကြငှန်း၊ ဆင့်ဆင့်လန်းသည်။ ။နတ်နန်းရောင်စံတူဘုရား။

**၃။ ပတ်သန်းရေညို။** မြို့ရွှေဘိုကို၊ ဗဟိုရ်နန်းမြင့်၊ ဘုန်းကျိုးပွင့်၍၊ သောင်းခွင့်ထိပ်မိုး၊ ဘိုးတော်ဘိုးလျှင်၊ တန်ခိုးလွှံ့ကြား၊ လောင်းမင်းဖျားဟု၊ တိုင်းကားဇမ္ဗူ၊ သိမ်းတော်မူက၊ **နတ်**လူကြော်ကြွေး၊ **ကောင်း**ချီးပေးလျက်၊ ဘေးကြီး**အ**ခေါင်၊ ပြည်ထောင်မင်းမြတ်၊ ဘိုးနေ

နတ်လည်း၊ မန္ဒာတ်တဆူ၊ စိုးတော်မူ၍၊ ကျွန်းငူမြေပေါ်၊ ခမည်းတော်လည်း၊ တေဇော် ဘုန်း ရောင်၊ သောင်းလုံး အောင်လျက်၊ ကုန်းဘောင်ကြငှန်း၊စဥ့်ဆက်မြန်းသည်၊ ။ ပတ်သန်းတောင်ဇမ္ဗူဘုရား။

## ခက်အစ်အဓိပ္ပါယ်များ။

**ဇေယျာ**=ဇေယျ (ပါဠိ) အောင်အပ်သည်၊ ဆောင်အပ် သည်၊ အလွန် ချီးမွမ်းအပ်သည်။

**ပရမေ**=ပရမ (ပါဠိ) မြတ်သည်။

**ဖြင်းသာလျက်**=သာယာသော အခါကောင်း ကြုံလျက် အတိတ်နိမိတ် တဘောင်သံများ သာယာလျက်။

....း၀း....

## ၃၀။ အလောင်းဘုရား၏ ဘုန်းတော်ဘွဲ့။

၁။ **ရွှေဘုန်းတော်ရောင်**။ ပြည်ကုန်းဘောင်ဝယ်၊ အ ခေါင်မမှုရာဇ်၊ နေတက်သစ်သို့၊ ကေရာဇ်တကာ။ မင်း တရာတို့၊ စကြာခြေဦး…ညွတ်လာဖူးသည်၊ စိုးမှူးသပြေ၊ တိုင်းချက်မွေက၊ ဘုန်း တေ ဇာ မြတ်၊ ကျွန်းကျွန်းပတ်၍၊ လူနတ်အောင်ဆု၊ ဇေယျတုနှင့်၊ ဇမ္ဗူ့သခင်၊ ဆဒ္ဒန်ရှင်ဟု၊

**ရာဇဝင်** စောင်၊ တိုက် တိုင်း ပြောင် လိမ့်၊ ကုန်း **ဘောင်** ပြည်ကြီး၊ အောင်စည်တီးသည်။ ။ဘုန်း မိး နေ စက် ချီ ဘုရား။

၂။ **နေနှုန်းလျော်အောင်။** ဘုန်းကျိုးဆောင်၍၊ ပြည်ထောင်တိုင်းကား၊ ရာ့တပါးလည်း၊ **ဘဝါးစက်အောက်၊** ခိုဝင်ရောက်၍၊ မဖေါက်သစ္စာ၊ ဦးညွတ်လှာလျက်၊ ဒီပါ ဒွန်စိုး၊ နေနန်းမျိုးလျှင်၊ တန်ခိုးကြက်သရေ၊ **ထိန်**ထိန်ဝေမျှ၊ ပရမေဘုန်းပွင့်၊ ကောင်းခေါ်ဆင့်၍၊ ရှည်မြင့်သက်**တော်၊** ရာကကျော်လျက်၊ ဘုန်းတော်ကြီးမြင့်။ **အောင်** တြင်း နှင့်၊ နဝင်းသာမျှ ိ ့၊ ကိုးတောင်ပို့သို နန်းမြို့စည်ပြီး၊ ဗျာဒိတ် ချီးသည်။ ။နန်းကြီးထွေမြွက်ကြည် ဘုရား။

၃။ **ဇွဲကုန်းမော်ဘောင်။** ဖြန့်မိုးဆောင်သား၊ ပြည်ထောင်တဝိုက်၊ ရှိဦးခိုက်က၊ **မကိုင်ရှ** တို့မူး၊ ဘုန်းထူး သမ္ဘာ၊ လေါင်းပွင့်လျာလျှင်၊ ပြည်သားကြင့်နန်း၊ **သိဿ** နန်းကို၊ ဘုန်းပန်းပွင့်ဝေ၊ သိမ်းမြန်းလေက၊ **အောင်ဇေယျမှူ၊** နန်းရတုနှင့်၊ သမုတိမြတ်လောကနတ်ဟု၊ မန္တာတ်နွယ်လာ မျိုးဝံသာကို၊ ပြည်ရွာတိုင်းခြား၊ ရိုင်းပလ္လွား၍၊ **ဘဝါးစက်** ရွှေ၊ မညွတ်နေက၊ ပရမေဘုန်းမီး၊ ကြံတိုင်းပြီးသည်။ ။ ပြုန်းတီးကျေပျက်မည်ဘုရား။

## ခက်ဆစ်အဓိပ္ပါယ်များ။

ဓမ္မရာဇ်= ဓမ္မရာဇ–ဓမ္မ–တရား–ရာဇ–မင်း၊ တရားမင်းကို ဆိုသည်။

ကေရာဇ်=ကေရာဇာ (ပါဠိ) ဇမ္ဗူဒိပ်တကျွန်းလုံးကိုအစိုး သောမင်း။

ရာဇဝင်= ရာဇဝံသ(ပါဠိ) ရာဇ မင်း–ဝံသ– အမျိုး။

မကိုဋ်= မကုဋ(ပါဠိ)အထွဋ်။

သိင်္ဃ= ရတနာသိင်္ဃ မည်သော ကုန်းဘောင် ရွှေပြည် ရွှေနန်း။

သမုတိနတ်= ဘုရင်ကိုလောကသမုတိနတ်ဟု ခေါ်သည်။

....၀....

## ၃၁- အလောင်းမင်းတရားကြီး၏ သကြိန်တော်ခေါ်ရတု။

၁။ ငွေစန်းလကျော။ဖန်စကြာနှင့်၊ ဒီပါလှည့်သန်း၊ ရောင်ပြိုင်တွန်းသို့၊ ကျွန်းကျွန်းသခင်၊ ဆဒ္ဒန်ရှင်ကို၊ ထက်ခွင်ဝလာ၊ဝတိန်သာက၊ အခါနတ်ဆက်၊ ဆုကြီးမြွက်၍၊ အောက်ထက်ဝှန်ဝေ၊ ကြားလွှံစေဟု၊ အောင်ဇေမဂ်လာ၊

တြင်းသာလျက်၊မဟာသင်္ကြန်၊မြေနက်သန်ဝယ်၊ နတ်ဘန်ဂင်္ဂါ၊ ရေသီတာနှင့်၊ ဗြဟ္မာ သွန်းလောင်း၊ အောင် ဆုတောင်းသည်။ ။ခါကောင်း စက်နာရီဘုရား။

၂။ **နေနန်းစကြာ၊** မှောင်မျိုးကွာသို့၊တေဇာတော်မြတ်၊ လောင်းမန္ဒာတ်၏၊ ဘုန်းရှပတ်လည်၊ အပြည့်ပြည့်တို့၊ မတည်ကြောက်ရှောင်၊ ရန်မျိုးအောင်၍၊ ကုန်းဘောင်ဒေသ၊နန်းဌာနဝယ်၊ **သကျနွယ်ရိုး**၊ရိပ်ဖြူမိုး၍၊ ဘေးဘိုးဇမ္ဗူ၊ **အောင်ဘူမိရဋ္ဌ**၊ မြေခုံမြတ်ထက်၊ လူ နတ် သ ဘင်ပွဲကြီးယင်လျက်၊ အောင်မင်္ဂလာ၊ ချိန်ဇေယျာကို၊ စကြာဆင့်လောင်း၊ ရှည်မ ညောင်း သည်။ ။တာ ပြောင်းရက်ရာသီဘုရား။

၃။ **နွေဆန်းရက်သာ**။တိမ်ပန်းဖြာလျက်၊ မြေလွှာညို့ရစ်၊ သင်တိုင်းသစ်နှင့်၊ ကြူးရင့်ကြွေးသီ၊ မိုးပွဲချီသော်၊ ခါမှီချယား၊ ပန်းစကားနှင့်၊ ရွှေသားရည်ထွတ်၊ ပင်လုံးညွှက်မျှ၊ အထွတ်ဥကင်၊ မှန်နန်းရှည်လည်း၊ သဘင်ကောင်းမြတ်၊ သောင်းလုံးနတ်နှင့်၊ ရည်မှတ်ဆုရော်၊ ညောင် ရေတော်က၊ ပူဇော်သွန်းမြဲ၊ နန်းပွဲသတင်၊ လျှုတော်တင်က၊ ဘုရင်မင်းမျိုး၊လက်စုံမိုး၍၊ ရှိခိုးပဏ္ဏာ၊ မျှားမြောင်စွာနှင့်၊ ဒီပါတသောင်း၊ ဦး ညွှတ် ပြောင်း သည်။ ။ရာ ပေါင်းဆက်ပါမြဲဘုရား။

## ခက်ဆစ်အဓိပ္ပါယ်များ။

**ဝလာ**= ဝလဟာက(ပါဠိ) မိုး-မိုးတိမ်။ ဝါရိဝယ- ဝါရိ ရေ။ ဝဟာ - ဆောင်သည်။ ဝါ - ကို ဝပြု။ နောက်ဗတလုံးကိုလပြု ဝလဟာကဖြစ်၏။

**မြေနက်သန်**= မွန်မြတ်သောကြက်သရေ မင်္ဂလာရှိသော မြေဟုဆိုလိုသည်၊ နက်သန် (ပေါရာဏ) မွန်မြတ်သည်၊ ကြက်သရေ မင်္ဂလာ ရှိသည်၊

**သကျ**= သာကိယ (ပါဠိ) သာကီဝင်မင်းမျိုးကိုဆိုသည်။

**ရဋ္ဌ**= ရဋ္ဌ (ပါဠိ) တိုင်းနိုင်ငံ။

....o....

## ၃၂။ နာခံတော်ပြေ့ကြီး ဖူးမျှော်သော အလောင်းမင်းတရားကြီး၏ -ဘုန်းတော်ဘွဲ့ ရတု။

**၁။** ကုန်းဘောင်ဘုမိန်။မြေမဟိန်တွင်၊ ရာဇာန္တာ **ဘိအောင်သိဒ္ဓိ**နှင့်၊ ကျွန်းကြီးချက်ချာ။ တောင်လကျ်ာ တွင်။**ကေရာ**တို့။ ဦးညွှတ်ကြို့လျက်။နန်းမြို့ဌာန။ ပြည်သိဃ်း ကို။တေဇလျှံဝေ။ ဘုန်းမိုးစွေလျက်။ ပရမေနတ်တူ။ သိမ်း တော်မူက။ ဆူဆူကြွင့်နှ်း။ ရာ့တနန်းလည်း။ ရှိပန်းစုံမြောက်။

ခိုဝင် ရောက် ၍၊ စက် အောက် မ ကွာ၊ ဆက်ပဏ္ဏာနှင့်၊ စကြာခြေဦး ညွတ်လာဖူးသည်။ ။စိုး မှူးသပြေပိုင်ဘုရား။

၂။ နှန်းဆောင်တူချိန်။ နေသူရိန်လျှင်၊ အသမ္ဘိန် မျိုး။ ဘိုးတော်ဘိုးသို့။ စိုးမိုးစကြာ။ တိုက်များစွာကို။ သီဒါ တောင်ရေ။ ငြိမ်းစေ၍။ တိုင်းနေပြည်သူ။ ရှင်—လူရဟန်း။ မိုး ထိ ပန်း သို့။ နန်း နန်း သ ခင်။ ဘဝ ရှင်ဟု။ ရာဇဝင် စောင်၊ သိုက် တိုင်း ပြောင် လိမ့်။ ကုန်း ဘောင် နေ နတ်။ ဘုန်း ရောင် ပတ် သား။ မန္တာတ်နွယ်လာ။ သောင်းဒီပါကို။ အချာဦးကိုင်။ အခေါင် တိုက် လျက်။ တောပိုင်တောင်စိုး။ ရိုင်းအမျိုးတို့။ လက်မိုးစုံဖူး။ ပန်ဆင်ကြူးသည်။ မျိုးထူး မသွေနိုင်ဘုရား။

၃။ ဘုန်းရောင်သူရိန်။ မြတ်ရာဇိန်လျှင်။ အသမ္ဘိန် ရိုက်။ နန်း ရိုး လိုက် ဖြင့်။ မကိုဋ္ဌ စိုး မှူး။ လောင် ပွင့် ဖူး လျှင်။ ဘုန်းထူးသမ္ဘာ။ သပြေညာကို။ တေဇာရဟတ်၊ သောင်းလုံးပတ်၍။ လူ နတ် ကြွေး ကြော်။ ကောင်းချီး ခေါ်လျက်။ ကျွန်းမော်လကျာ၊ မြေဒီပါဝယ်။ ဗြဟ္မာအောင် ဆု။ ဇေယျာတုနှင့်။ ဇမ္ဗူ့ တန်ဆောင်။ မာန်မျိုးအောင် ၍။ ကုန်းဘောင်နန်းရိုး။ ဆက် စဉ် စိုး ကာ။ နတ်မျိုး ချီး မြှောက်။ ဘုန်းကျိုးထောက်၍။ ရောက်အံ့စကြာ။ ရတနာ ရောင်မြူး။ မျက် မျိုး ထူး သည်။ ဘိုး။ ကြူး ကု ဋ္ဌေ လှိုင် ဘုရား။

## ခက်ဆစ် အဓိပ္ပါယ်များ။

ရာဇိန္ဒြာဘိ= (ပါဠိ) ရာဇာ–ဣန္ဒ–အဘိ။ ရာဇာ–မင်း။ ဣန္ဒ– အစိုးရခြင်း။ အဘိ– အထူး။ မင်း များစွာကို အထူး အစိုးရသောမင်း။

သိဒ္ဓိ=(ပါဠိ) ပြီးစီးအောင်မြင်ခြင်း။

ကေရာ=ကေရာဇာ (ပါဠိ) ကေရာဇ်မင်း။ (ဖြေခဲ့ပြီ)

အသမ္ဘိန်=အသမ္ဘိန္န (ပါဠိ) မပြိုမကွဲ ကောင်းစွာ တည်မြဲသော မင်းမျိုး။

တေဇာရဟတ်။ သောင်းလုံးပတ်၍= အရှင့် ဘုန်းတန်ခိုးတော်သည် ယူဇနာတသောင်းရှိသော ဇမ္ဗူဒိပ် တကျွန်း လုံး ကို ရဟတ်စကြာ သဘွယ် လှည့်ပတ်၍။

လက်ဝဲသုန္ဒရ–ရတုများပြီးပြီ။

....၁....

# ဦးကျော်ရေး

| | | | |
|---|---|---|---|
| ၁။ | အခါပေးကြေးမုံ | အဖိုး | .... ၂ိ။ |
| ၂။ | မန္တာန်စွယ်စုံကျမ်း | ။ | .... ၅ိ။ |
| ၃။ | ဗေဒင်စွယ်စုံကျမ်း | ။ | .... ၂ိ။ |
| ၄။ | ပညာစွယ်စုံကျမ်း | ။ | .... ၅ိ။ |
| ၅။ | ဗဟုသုတ ပုလဲကုံး | ။ | .... ၂ိ။ |
| ၆။ | စကားပြောဗေဒင် | ။ | .... ၂ိ။ |
| ၇။ | အိမ်သုံးဗေဒင် | ။ | .... ၂ိ။ |
| ၈။ | အလင်းဗေဒင် | ။ | .... ၂ိ။ |
| ၉။ | ကဝိအိတ်ဆောင်ကျမ်း | ။ | .... ၂ိ။ |
| ၁၀။ | လောကီပညာ ပဒေသာ | ။ | .... ၂ိ။ |
| ၁၁။ | ပဒေသာ ဆေးမီးတို | ။ | .... ၃ိ။ |
| ၁၂။ | သုံးဘာသာ | ။ | .... ၁ိ။ |
| ၁၃။ | အခြေခံအင်္ဂလိပ်စာ | ။ | .... ၁ိ။ |
| ၁၄။ | အင်္ဂလိပ်စကားပြော | ။ | .... ၁ိ။ |
| ၁၅။ | အင်္ဂလိပ်စာစုံ | ။ | .... ၁ိ–၅၀။ |
| ၁၆။ | ခြောက်ဘာသာ | ။ | .... ၂ိ။ |
| ၁၇။ | ဗေဒင်အလင်းရောင် | ။ | .... ၂ိ–၅၀။ |

## ဆုထူးပန်း စာပေ

အမှတ် ၅၊ စီ–ရုံ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။